# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၂၈)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်၊ ၂၀-၇-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညိုနိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြစဉ်။

**နေပြည်တော် ဇူလိုင် ၁၉**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်ဂါရဝပြုသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါက်တာမွှထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမြင့်နောင်၊

စာမျက်နှာ ၃ သို့ ☆

## ယနေ့ ဖတ်စရာအညွှန်း

**ကမ္ဘာ့ပထမဆုံး မျှော်စင်ညီနောင် နေအပူစွမ်းအင်စခန်း တစ်နာရီ ၁ ဒသမ ၈ ဘီလျံကီလိုဝပ် နှစ်စဉ်ထုတ်ပေးမည်**

စာမျက်နှာ ၇

**မလေးရှားနိုင်ငံ၏ စီးပွားရေးအခြေအနေ ၅ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်း**

စာမျက်နှာ ၈

## မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်ကမ်းလွန်နှင့် အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression) သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကျောက်ဖြူမြို့၏ အနောက်ဘက် ရေမိုင် ၄၃၀ မိုင်ခန့်၊ စစ်တွေမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၉၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၅ မိုင်ခန့်၊ ဂိုလ်ပါပူမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့်၊ ပါရာဒစ်ပ်မြို့၏ တောင်-အနောက်တောင်ဘက်

စာမျက်နှာ ၁၀ သို့ ☸




၁၉-၇-၂၀၂၄ ရက်နေ့ ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းငယ် ခန့်မှန်းလမ်းကြောင်းပြမြေပုံ။

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ စနေနေ့။

မန္တလေး

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့ဖြစ်သည်။ ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာလူမျိုးတို့သည် ဗုဒ္ဓဂေါတမမြတ်စွာဘုရားရှင်၏ ဖြစ်စဉ်တော်၌ ဝါဆိုလပြည့်နေ့သည် မိခင်ဖြစ်သူ မယ်တော်မာယာ၏ ဝမ်းကြာတိုက်မှ ပဋိသန္ဓေယူတော်မူသောနေ့လည်းဖြစ်သည်။ ထို့ပြင် ဘုရားအလောင်းတော် သိဒ္ဓတ္ထအနော်မာသောင်တွင် တောထွက်တော်မူသောနေ့ဖြစ်ခြင်း၊ သုံးလောကတွင် ပထမဦးဆုံးတရားတော်ဖြစ်သော ဓမ္မစကြာဒေသနာကို ပဉ္စဝဂ္ဂီငါးပါးဖြစ်သည့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတည်းဟူသော မထေရ်ကြီးငါးပါးတို့အား ဟောကြားသွန်သင်ဆုံးမသောနေ့ဖြစ်ခြင်းကြောင့် ဝါဆိုလပြည့်နေ့သည် ထူးမြတ်သည့် အခါသမယပင်ဖြစ်သည်။

ဝါဆိုလအခါသမယ၏ ရာသီခွင်မှာ ကရကဋ်ရာသီသို့ သက်ဆင်းလျက်ရှိပြီး ရာသီပန်းများဖြစ်သည့် မြတ်လေး၊ ခတ္တာပန်းတို့မှာ သင်းပျံ့ကြိုင်လှိုင်လျက် ဝေဆာစွာပွင့်လန်းနေသည်။ ရာသီပန်းနှင့်အပြိုင် မိတ်ဖက်ပန်းများဖြစ်သော ပုန်းညက်ပန်း၊ သရဖီပန်း၊ ဝါဆိုပန်းတို့ကလည်း ပွင့်လန်းနေသည်မှာ ကြည်နူးဖွယ်ပင်ဖြစ်သည်။ ဝါဆိုလတွင် ပွဲတော်တစ်ရပ်အနေဖြင့် ဝါဆိုသည့်ပွဲတော်ကို ဗုဒ္ဓဘာသာနွယ်ဝင်သူတို့(ပဉ္စင်းခံ)ရဟန်းခံရှင်ပြုပွဲ ဝါဆိုပွဲကို ကျင်းပပူဇော်လေ့ရှိသည်။

ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့ နေဝင်လထွက်အချိန်၌ "အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိ ပဉ္စဝဂ္ဂီငါးဦးတို့ကို ဘုရားဖြစ်တော်မူကြောင်း ဝန်ခံ၍ ဓမ္မစကြာတရားတော်ကို အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန်တောဝယ် ဟောကြားတော်မူခဲ့ပါသည်။ ဓမ္မစကြာတရားတော်သည် ဝိနည်းမဟာဝါ ပါဠိတော်၌ "ပဉ္စဝဂ္ဂိယကထာအမည်ဖြင့် လာရှိပြီး ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်၌ "ဓမ္မစက္က ပဝတ္တနဝါ"အမည်ဖြင့် လာရှိကာ မဟာဝဂ္ဂ သံယုတ်ပါဠိတော်၌ "ဓမ္မစက္ကပဝတ္တနသုတ္တ"အမည်ဖြင့် လာရှိသည်။ ဓမ္မစကြာတရားတော်သည် သစ္စာလေးပါး မြတ်တရားကို ညွှန်းဆိုသော ဒေသနာတော်ဖြစ်၍ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟု အဋ္ဌကထာဆရာကြီးများက ညွှန်းဆိုကြသည်။

သစ္စာလေးပါးတရားတော်သည် ဗုဒ္ဓဘာသာဝင်တိုင်း မသိမဖြစ်အမှန်တကယ်သိရမည့် တရားတော်ဖြစ်သည်။ သစ္စာလေးပါးတရားတော်ကိုမသိဘဲ နိဗ္ဗာန်မျက်မှောက်ပြုရိုးထုံးစံမရှိပေ။ ဗုဒ္ဓမြတ်စွာဟောကြားသည့် တရားတော်တိုင်းမှာလည်း သစ္စာလေးပါးဦးတည်ချက်ထားသည်ချည်းဖြစ်သည်။ သစ္စာလေးပါးတရားသဘောမှာ ဒုက္ခသစ္စာ-ဆင်းရဲအစစ်အမှန်တရား၊ သမုဒယသစ္စာ-ဆင်းရဲဖြစ်ကြောင်း အစစ်အမှန်တရား၊ နိရောဓသစ္စာ-ဆင်းရဲငြိမ်းရာအစစ်အမှန်တရား၊ မဂ္ဂသစ္စာ-ဆင်းရဲငြိမ်းရာရောက်ကြောင်း၊ အကျင့်လမ်းကောင်း အစစ်အမှန်တရားတို့ဖြစ်သည်။

ဂေါတမ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူသည့် ဓမ္မစကြာတရားတော်ကို ကြားနာရသည့် ပဉ္စဝဂ္ဂီငါးဦးတို့သည် ဝါဆိုလပြည့်နေ့တွင် အရှင်ကောဏ္ဍည၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် အရှင်ဝပ္ပ၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် အရှင်ဘဒ္ဒိယ၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် အရှင်အဿဇိ မဟာထေရ်မြတ်ကြီးများ အသီးသီး သောတပန်ဖြစ်တော်မူပြီး တရားထူး၊ တရားမြတ်ကို ရရှိတော်မူကြသည်။

ဓမ္မစကြာတရားတော်သည် မြတ်ဗုဒ္ဓ၏ တိကျခိုင်မာသော သဘောတရားကို ထင်ရှားစွာတွေ့မြင်နိုင်သည်။ ရှင်တော်မြတ်ဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီတော် အဟုန်တို့ကြောင့် ရရှိခဲ့သည့် သဗ္ဗညုတဉာဏ်တော်စွမ်းအားဖြင့် ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူခဲ့သည်။

သို့ဖြစ်ရာ ယခုနှစ် ဝါတွင်းအချိန်ကာလ ဝါဆိုလပြည့်နေ့မှစတင်ကာ ဥပုသ်သီတင်းသီလဆောက်တည်လိုကြသော မိဘ၊ ပြည်သူများအနေဖြင့် ဘုရား၊ ကျောင်း၊ ကန်များ၊ ရပ်ကွက်ဓမ္မာရုံများ၊ မိမိတို့အိမ်ဂေဟာများတွင် တရားဘာဝနာပွားများအားထုတ် နေထိုင်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

ဇော်ဝင်း(သစ်ထွင်း) ၆ လပြည့် အလှမ်းပြေ ပန်းချီ ပြပွဲ





## မန္တလေးမြို့တွင် ပန်းချီဆရာကြီး ဦးဇော်ဝင်း(သစ်ထွင်း)၏ (၆)လပြည့် အလွမ်းပြေ ပန်းချီပြပွဲ ပြသမည်

**မန္တလေး ဇူလိုင် ၁၉**

ပန်းချီဆရာကြီး ဦးဇော်ဝင်း (သစ်ထွင်း)မိသားစုက ဆရာကြီး၏ ကွယ်လွန်ခြင်း (၆)လပြည့် အလွမ်းပြေအဖြစ် ပန်းချီပြပွဲကြီးကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၇ လမ်း၊ ၁၀၃ လမ်းနှင့် ၁၀၄ လမ်းကြားရှိ COLLECTOR'S SOUL ART GALLERY အနုပညာပြခန်းတွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲအား ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီချစ်မြတ်နိုးသူများ လာ ရောက်ကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)

## ညောင်ဦးမြို့နယ်တွင် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ညောင်ဦး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ (အ·ထ·က-ခွဲ)အင်တိုင်းတို့ ပူးပေါင်း၍ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်ဇင်ယုခိုင်က စာဖတ်ရှုနိုင်မှုမြှင့်တင်ရေးနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ခဲ့မှုများအား ပညာပေးဟောပြောပြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားအရာရှိ ဒေါ်မာမာထွန်းက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် ပညာပေးဟောပြောသည်။

ထို့နောက် အခြေခံပညာ အထက်တန်းကျောင်းခွဲ(အင်တိုင်း) အတွက် အားကစားပစ္စည်းများဖြစ်သည့် ဘောလုံး၊ ပိုက်ကျော်ခြင်းပိုက်နှင့် ခြင်းလုံးတို့အား ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျောင်းရှေ့ကွင်းပြင်ကျယ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများ တိုင်းကျိုးပြည်ပြုဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ ကလေးအလုပ်သမားပပျောက်ရေးပညာပေးနံရံကပ်စာစောင်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နံရံကပ်ပြဘုတ်များ၊ မူးယစ်ဆေးဝါးနှင့်ဆိုင်သော နံရံကပ်ပိုစတာများ ပြသပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်တစား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၄၈၁)

## အောင်လံမြို့၌ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ ရောင်းချပေးလျက်ရှိ

**အောင်လံ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ဦးဆောင်၍ ပြည်သူများအဆင်ပြေစေရန် အခြေခံစားသောက်ကုန်နှင့် သားငါးများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ဇူလိုင် ၁၈ ရက် နံနက် ၇ နာရီက တရော်ကုန်းရပ်ကွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့တွင် ရောင်းချပေးခဲ့သည်။



ထိုသို့ ရောင်းချပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ အောင်လံမြို့နယ် ကုန်သည်ကြီးများအသင်းတို့က မြို့နယ်အတွင်းရှိ ပြည်သူများအား အခြေခံစားသောက်ကုန်နှင့် သားငါးများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဆန်တစ်ပြည် (၃၀၀၀)ကျပ်နှုန်းဖြင့် (၁၆) အိတ်၊ ဆီ ၁ ပိဿာ (၆၀၀၀)ကျပ်နှုန်းဖြင့် (၁၂၀) ပိဿာ၊ ကြက်ဥတစ်လုံး (၃၀၀) ကျပ်နှုန်းဖြင့် (၆၀၀)လုံး၊ ကြက်သား ၁ ပိဿာ(၁၄၀၀၀)ကျပ်နှုန်းဖြင့် (၂၀)ပိဿာ၊ ဝက်သား ၁ ပိဿာ (၁၂၀၀၀)ကျပ်နှုန်းဖြင့် (၁၅)ပိဿာ၊ ဆိတ်သား ၁ ပိဿာ (၁၆၀၀၀)ကျပ်၊ အမဲသား ၁ ပိဿာ (၁၃၀၀၀)ကျပ် စသည့် အခြေခံစားကုန်နှင့် သားငါးများကို သက်သာသောဈေးနှုန်းဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သားအကြီးဖြစ်သူ ဦးအောင်ဆန်းဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး မေတ္တာပို့သ အမျှပေးဝေစဉ်။



သခင်မြ၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး မေတ္တာပို့သ အမျှပေးဝေစဉ်။

☆ ရှေ့ဖုံးမှ

ဒေါက်တာသက်ခိုင်ဝင်း၊ (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တွေ့ဆုံနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည်အဖွဲ့ဝင်များနှင့် အတူ အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် စာမျက်နှာ ၄ သို့ »»»



ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး မေတ္တာပို့သ အမျှပေးဝေစဉ်။



ဦးဘဝင်း၏ မိသားစုဝင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး ဆုတောင်းမေတ္တာပို့သစဉ်။



မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

»»» စာမျက်နှာ ၃ မှ

မန်းငြိမ်းမောင်၊ ဒေါက်တာ မွှထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာငွေး၊ (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

## အလေးပြု

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူပြီး ဂုဏ်ပြုတပ်ဖွဲ့က သေနတ်မြောက်၍ လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍ လည်းကောင်း အလေးပြုကြပြီး နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သားအကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သ အမျှပေးဝေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မှတ်ပုံတင်ခွင့်ပြုထားသည့် ရန်ကုန်အခြေစိုက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်ရုံးများမှ ဌာနေကိုယ်စားလှယ်များသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအသင်း၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၊ ခရစ်ယာန် ကလျာဏယုဝအသင်း (YMCA)၊ ရှင်သန်ရေးကူညီမှုအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၊ မြန်မာ မွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံ ဟိန္ဒူအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပန်းချီ/ ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ အပါအဝင် လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

## ဂါရဝပြု

ယင်းနောက် (၇၇) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက် ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသားကျောင်းသူများ၊ အများပြည်သူများက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ် (၁၉) ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ တန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

စာမျက်နှာ ၅ သို့ »»»



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။




ဦးအုန်းမောင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး ဆုတောင်းမေတ္တာပို့သစဉ်။



ဦးရာဇတ်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး ဆုတောင်းမေတ္တာပို့သစဉ်။



ရဲဘော်ကိုထွေး၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။



မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူတစ်ဦးက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

»»» စာမျက်နှာ ၄ မှ

၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ် အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲ အချက်ပေးခဲ့သည်။

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) များသို့ အများပြည်သူများကလည်း လာရောက်ဂါရဝပြု လေ့လာခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**



အာဇာနည် ဗိမာန်တွင် လာရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများကို တွေ့ရစဉ်။





အာဇာနည်ဗိမာန်တွင် လာရောက် ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများကို တွေ့ရစဉ်။

# ဒုတိယအကြိမ် ဗုဒ္ဓဂယာ ခရီးသွားမှတ်တမ်း

မြတ်သာထွန်း(ရွှေစံပြ)

၂၀-၆-၂၀၂၄ ရက်မှ အဆက်-

ယခင်က ဟိန္ဒူများက ၁၉၉၂ခုနှစ်က ရာမဘုရားကျောင်းဆောင် ဆောက်လုပ်ပူဇော်ခဲ့ပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်က မိုဒီကိုယ်တိုင်တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။ တရားဝင်မဲဆွယ်ကာလမတိုင်မီ ထိုကျောင်းဆောင် ဖွင့်ပွဲသို့ တက်ရောက်ကာ မိန့်ခွန်းချွေခဲ့သည်။ ကျွန်တော်တို့ မြန်မာဘုရားဖူးအဖွဲ့ မြို့ပြင် မှတ်ဆလင်ဆိုင်တစ်ခုတွင် ထမင်းစားနားကြသည်။

အိန္ဒိယ၏ ယုံကြည်မှုအရ ဗုဒ္ဓဘာသာနှင့် ဆစ်ခ်ဘာသာများသည် ဟိန္ဒူအယူဝါဒမှ တစ်ဆင့်ခွဲထွက်သော ဘာသာများဖြစ်သည်။ အစ္စလာမ်ဘာသာသည်သာ သီးခြားဖြစ်သည်။ အိန္ဒိယတွင် ဟိန္ဒူဘာသာဝင်မှာ ၈၀ ရာခိုင်နှုန်းရှိ၍ အင်အားအများဆုံးဖြစ်သည်။ ဝန်ကြီးချုပ်မိုဒီမှာ ဆစ်ခ်ဖြစ်သည်။ သာဝတ္ထိသို့ ညနေ ၃ နာရီခန့်မှ ရောက်ရှိရာ ဘုရားရှင်က တိတ္ထိများကို တန်ခိုးပြတော်မူခဲ့သည့် သရက်ဖြူကုန်းသို့ ဦးစွာရောက်ရှိသည်။ ကုန်းမြင့်မှာ မတ်စောက်သဖြင့် ကျွန်တော့်အမျိုးသမီးမဆင်းဖြစ်၍ ကျွန်တော်လည်း ကားပေါ်မှသာ ဖူးမြော်သည်။ ပထမတစ်ခေါက်က ကုန်းမြင့်ပေါ် ထိတက်၍ ဘုရားဖူးဘူးသဖြင့် ကျွန်တော်မဆင်းဖြစ်ခြင်းလည်းပါသည်။ ထို့နောက် အနာထပိဏ်သူဌေးလှူဒါန်းခဲ့သော ဇေတဝန်ကျောင်းတော်နေရာကို ရောက်ရှိသည်။ ဤကျောင်းဝင်းနေရာကို ဇေတမင်းသားက နေရာအကျယ်အဝန်းအတိုင်း ရွှေဒင်္ဂါးများ ဖြန့်ခင်းစေပြီး တန်ဖိုးသင့် ရောင်းချခဲ့ကြောင်း သိရှိရသည်။ ကျောင်းဝင်း၏ ဝင်ပေါက်နေရာအနီးတစ်စိုက်အတွက် ရွှေဒင်္ဂါးလိုသေး၍ ပြန်ယူရန်စီစဉ်သောအခါ ဇေတမင်းသားက လှူဒါန်းခဲ့ပါသည်။ မြတ်စွာဘုရားရှင်သည် သာဝတ္ထိမြို့တွင် ၂၅ ဝါဆိုခဲ့ရာ ဇေတဝန်ကျောင်းတော်တွင် ၁၉ ဝါ၊ ပုဗ္ဗာရုံကျောင်းတွင် ၆ ဝါ သီတင်းသုံးခဲ့သည်။ ထိုမှ အနာထပိဏ်သူဌေးအမှတ်တရစေတီနှင့် အင်္ဂုလိမာလစေတီတို့ကို ဖူးမြော်ကာ သာဝတ္ထိမြို့၊ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ညအိပ်တည်းခိုရန် ရောက်ရှိခဲ့ပါသည်။ ဘုန်းကြီးကျောင်းတွင် တည်းခိုရသည်ဆိုသော်လည်း နေရေးမဆင်းရဲပါ၊ ရေချိုးခန်း၊ အိမ်သာတွဲလျက်ပါသော Master bedroom အိပ်ခန်းများတွင် ဘိုထိုင်အိမ်သာများ ပါရှိသည်။

ဖွားတော်မူရာ လုမ္ဗိနီသာမော၊ အင်ကြင်းတော ရှိသည့် နီပေါနိုင်ငံသို့ ရောက်လျှင် သာဝတ္ထိ ဘုန်းကြီးကျောင်းတွင် နံနက်စာစားပြီးနောက် ဖွားတော်မူရာ လုမ္ဗိနီသို့ ကားဖြင့် ဆက်လက်ထွက်ခွာခဲ့ပါသည်။ နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးမှာ ယခင် ၅ နှစ်ကထက်များစွာ ကျယ်ပြန့်ကောင်းမွန်လာသည်။ ဆောက်လုပ်ဆဲ တံတားကြီးများ၊ ဖောက်လုပ်တိုးချဲ့ဆဲလမ်းများကိုလည်း ဖုန်တလုံးလုံးကြားမှ တွေ့မြင်ရသည်။ နီပေါနယ်စပ်အနီးမှ ဆိုနောလီမြန်မာဘုန်းကြီးကျောင်းတွင် နေ့လယ်စာစားရင်း ဈေးဝယ်ကြသည်။ ထိုကျောင်းမှ ထွက်လာပြီး မကြာမီ အိန္ဒိယနယ်စပ်ဂိတ်သို့ ရောက်ရှိသည်။ ထိုနေရာတွင် ၃ နာရီခန့်ကြာအောင် စောင့်ဆိုင်းရသည်။ နေပူပူတွင် အရိပ်နှင့် ထိုင်စရာလည်း နည်းပါးသည်။ (Departure) ထွက်ခွာ တံဆိပ်တုံးထုပြီးနောက် နှစ်နိုင်ငံနယ်စပ် နှစ်ခုကြားရှိ နယ်ခြားစောင့်တပ်ကို နိုင်ငံကူးလက်မှတ်ပြ၍ စာရင်းသွင်းပြီး နီပေါနိုင်ငံသို့ စတင်ဝင်ရောက်သည်။

လွန်ခဲ့သော ၅ နှစ် ကျွန်တော်လာစဉ်က အုပ်စုခေါင်းဆောင်တစ်ယောက်သာ ဆင်း၍အဝင်တံဆိပ်ထုရသော်လည်း ယခုတစ်ခေါက်တွင် တစ်ဦးချင်းကင်မရာရှေ့ထိုင်ပြီး တံဆိပ်ထုရသည်။ သို့သော် အချိန်မစောင့်ရသဖြင့် စိတ်ချမ်းသာပါသည်။ နေမဝင်သေးသဖြင့် ကပိလဝတ်နန်းတော်သို့ တန်းမောင်းမည်၊ တစ်နာရီကျော်ခန့် ကြာနိုင်သည်ဟု ဆိုသည်။ ကျွန်တော်အံ့ဩမိသည်မှာ ယခင် ၅ နှစ်လာစဉ်က မြို့အမည်ပင် မထင်ရှားသော ကျေးရွာပုံစံနယ်စပ်မြို့လေးမှာ ယခုအခါ မြို့၏ အင်္ဂါရပ်များ ပြည့်စုံနေပေပြီ။ ရွှံ့ဗွက်များ၊ ချိုင့်ကျင်းများနှင့် လမ်းကလေးသည် ကတ္တရာခင်းထားသော လမ်းမကြီးများဖြစ်နေပေပြီ။ တောဆန်ဆန်မြေစိုက်အိမ်များ၊ တစ်ထပ်တိုက်အိုလေးများအစား တိုက်တာအဆောက်အအုံသစ်များ ၉၀ ရာခိုင်နှုန်း အစားထိုးတည်ဆောက်ပြီးပေပြီ။ ထို့ထက်မက (Gautam)ဂူးတမ်မြို့တွင် လေယာဉ်ကွင်းရှိနေပါပြီ။

ယခင်အခေါက် ကျွန်တော်လာစဉ်က နီပေါ ညွန့်ပေါင်းအစိုးရတွင် အမျိုးသမီး ဝန်ကြီးချုပ်က စီမံအုပ်ချုပ်သည်။ နိုင်ငံ၏ တရားဝင်အမည်မှာ နီပေါ ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံဖြစ်ပြီး ၁၄၇, ၁၈၁ စတုရန်းကီလိုမီတာ၊ ၅၆၈၂၇စတုရန်းမိုင် ကျယ်ဝန်းသည့် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည်။ လူဦးရေ သန်း ၃၀ ခန့်ရှိသည်။ ကမ္ဘာပေါ်ရှိ အမြင့်ဆုံးတောင် ၁၀ လုံးအနက် ၅ လုံးသည် နီပေါနိုင်ငံတွင် တည်ရှိသည်။ ထိုအထဲတွင် အများသိကြသော ဧဝရက်တောင်နှင့် ကန်ချင်ဂျုန်းဂါးတောင်တို့ ပါဝင်သည်။ အဓိကအားဖြင့် လယ်ယာစိုက်ပျိုးသော နိုင်ငံဖြစ်သည်။

ကျွန်တော်တို့ ဖြတ်သန်းသွားသော လမ်းဘေးဝဲယာတွင် ဂျုံစိုက်ခင်းများကို တွေ့ရသည်။ ပဲစင်းငုံပင် အနည်းငယ်ကိုလည်း သီးညှပ်စိုက်ပျိုးထားသည်။ တစ်နိုင်ငံလုံးအတိုင်းအတာကို ဖော်ပြရပါက ဆန်စပါး၊ လက်ဖက်၊ ကြံ၊ ဆေးနှင့် ဝါများကို စိုက်ပျိုးကြသည်။ နိုင်ငံမြောက်ပိုင်းရှိ တောင်စောင်းများတွင် လှေကားထစ်စိုက်ပျိုးရေးလုပ်ကိုင်ကြကြောင်း သိရှိရပါသည်။ မြို့တော်မှာ ခတ္တမန္ဒုမြို့ဖြစ်သည်။ ကပိလဝတ်နန်းတော်သို့ ညနေစောင်းတွင် ရောက်ရှိသည်။ နန်းတော်အုတ်မြစ်များကို အများအပြားတွေ့ရသည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၇ ခုနှစ်ကြားတွင် ဂျပန်နှင့် နီပေါသုတေသနအနုပညာရှင်များ တူးဖော်ခဲ့ကြောင်း အင်္ဂလိပ်လို ရေးသားထားသော ဆိုင်းဘုတ်အရ သိရှိရသည်။ အဝင်နေရာသည် သိဒ္ဓတ္ထမင်းသားတောထွက်ရာ နန်းတော် အရှေ့ပေါက်ဟု ဆိုသည်။ မယ်တော်မာယာ၏ အခန်းဟု ဆိုသော အလျား၊ အနံ ၆ ပေ ခန့်ရှိ ညောင်မြစ်များ နွယ်ယှက်နေသောနေရာတွင် ဗုံတီး၍ အလှူခံလျက်ရှိသည်။ သားယောက်ျားဖွားမြင်လိုသူများ ထိုနေရာတွင် ဆုတောင်းရသည် ဆို၏။ ထိုမှအပြန်တွင် နိဂြောဓါရုံကျောင်းတော်နေရာသို့ ဖူးမြော်လေ့လာကြသည်။ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ ဘုရားဖူးခရီးသည်များမှာ စရိုက်မျိုးစုံပါဝင်ကြရာ လမ်းညွှန်ဆရာတော် ဟောပြောရှင်းပြချိန်တွင်ပင် နားမထောင်ဘဲ ဓာတ်ပုံရိုက်နေကြခြင်းသည် စည်းကမ်းမဲ့သော အပြုအမူဖြစ်သည်။ ကုမ္ပဏီဝန်ထမ်းများ ထိန်းသိမ်းသင့်ပါသည်။ ထိုနေရာမှ ပြန်ထွက်ချိန်သည် နီပေါစံတော်ချိန်ဖြင့် ညနေ ၅ နာရီ ၄၅ မိနစ်ရှိပြီဖြစ်၍ နေဝင်စပြုပါပြီ။ တည်းခိုမည့် လုမ္ဗိနီဥယျာဉ်အနီး ဘုန်းကြီးကျောင်းသို့ သွားကာ ညအိပ်နားနေကြသည်။ နံနက်စာစားပြီး သမိုင်းကြောင်းရှင်းပြမည့် ဆရာတော်ကို ပင့်ကာ လုမ္ဗိနီဥယျာဉ်သို့ ခြေကျင်ထွက်ခဲ့ကြသည်။ လမ်းလျှောက်ရမည့် ခရီးဝေးသဖြင့် ကျွန်တော့်အမျိုးသမီးကို ဗီးချဲဖြင့် တွန်းခဲ့သည်။ ပထမဦးစွာ နှစ်ပေါင်း ၃၈ နှစ်ကြာ မီးမငြိမ်းသေးသည့် ငြိမ်းချမ်းရေးမီးတိုင်၊ ခေါင်းလောင်းနှင့် ငြိမ်းချမ်းရေးတူးမြောင်းတို့ကို ပြသသည်။ ထို့နောက် Baby Buddha ဟု ဒေသခံများ ခေါ်ကြသော သိဒ္ဓတ္ထမင်းသားဖွားမြင်စတွင် ခြေလှမ်း ၇ လှမ်း လှမ်းကာ ညာလက်ညှိုးထောင်လျက် လောကတွင် ငါသာလျှင် အကြီးမြတ်ဆုံး၊ အမြင့်မြတ်ဆုံးဟု



ကြွေးကြော်နေသည့် ရုပ်တုရှိရာဘက်သို့ လမ်းလျှောက်သွားကြသည်။ တစ်မိုင်ခန့်ဝေးသဖြင့် ကျွန်တော်ကား မဟေသီ၏ ဗီးချဲကို တွန်းခဲ့ရသည်။ ဝင်ပေါက် မရောက်မီ လက်မှတ်ဖြတ်ကြရသည်။ လာသူများမှာ လူမျိုးစုံလှသည်။ လူငယ်တစ်ယောက်ကို "ထိုင်းကလား" မေးကြည့်ရာ "တောင်ကိုရီးယားကပါ" ဟု ဖြေသည်။ And You? ဆိုသဖြင့် မြန်မာဖြစ်ကြောင်း ပြန်ဖြေသည်။ ထိုင်း မဟာယနဘုန်းကြီး၊ သီလရှင်များနှင့် အမျိုးသမီးများစွာပါသော အဖွဲ့နှင့်လည်း ဆုံသည်။ ထိုင်းဆရာလေးက "မင်္ဂလာပါ" ဟု နှုတ်ဆက်သည်။ အဖြူရောင်ဝတ်ထားခြင်းတူသော်လည်း အသားမည်းသည့်အဖွဲ့သည် သီရိလင်္ကာနိုင်ငံမှ ဖြစ်သည်။ ဖွားမြင်တော်မူသော နေရာ အဆောက်အအုံအတွင်းတွင် ဖုန်းနှင့်ရောင်မရာဖြင့်ပါ ဓာတ်ပုံရိုက်ခွင့်မရှိပါ။ တစ်ဦးချင်း တန်းစီဖူးမြော်ကြရသည်။ ဖွားမြင်တော်မူရာအပေါ် တည့်တည့်ခန့်တွင် အင်ကြင်းကိုင်းကို ဆွဲ၍ ဖွားမြင်ဟန် ရှေးဟောင်းလက်ရာပန်းပုရုပ်ကို တွေ့ရသည်။ ထိုအဆောက်အအုံ၏ ခေါင်မိုးပေါ်မှ စေတီတွင် နီပေါနိုင်ငံ၏ အမှတ်တံဆိပ် (မယ်တော်မာယာ၏) မျက်လုံးနှစ်လုံးပုံ ရေးဆွဲထားသည်ကို မြင်ရသည်။ ထိုအဆောက်အအုံမှ အထွက်တွင် ဖွားတော်မူစဉ်က ရေပူရေအေးသုံးစွဲခဲ့သည့် ရေကန်ကိုတွေ့ရသည်။ ဖွားတော်မူခန်းနှင့်ပတ်သက်၍ ဖွားဖက်တော် ၇ ဦး၊ တစ်ပြိုင်နက်ပေါ်ပေါက်ခြင်း၊ ဘုရားအလောင်းတော်မြေပြင်သို့ ခြေချလိုက်သည်နှင့် ငလျင်လှုပ်ခြင်း၊ အခါမဟုတ်ဘဲ အင်ကြင်းပန်းများ တစ်တောလုံး ဖူးပွင့်ခြင်းအပါအဝင် ထူးခြားသော ဝိသေသ ၃၂ မျိုးဖြစ်ပေါ်ခြင်းစသည့် အကြောင်းအရာအသေးစိတ်များကို ဇိနတ္ထပကာသနီကျမ်း(သို့မဟုတ်) မင်းကွန်းဆရာတော်ကြီး ရေးသားပြုစုသော မဟာဗုဒ္ဓဝင်တို့တွင်ဖတ်ရှုနိုင်ပေရာ ဤခရီးသွားမှတ်တမ်းတွင် မဖော်ပြတော့ပါ။ ယခင် ၅ နှစ်လာခဲ့စဉ်က မြန်မာနိုင်ငံသား ဦးသန့်၏ ကိုယ်တစ်ပိုင်းပုံရုပ်တုကို လမ်းထောင့်တွင် တွေ့ရသည်။ ဦးသန့် ကုလသမဂ္ဂ အတွင်းရေးမှူးဖြစ်စဉ်က နီပေါသို့ လာရောက်ခဲ့ပြီး ဘုရားအလောင်းတော်ဖွားမြင်တော်မူရာ လုမ္ဗိနီကို ပြုပြင်ထိန်းသိမ်းရန် လမ်းညွှန်မှုပေးခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ဦးသန့်ကို ဂုဏ်ပြုသော အဆောက်အအုံတစ်ခု ဆောက်လုပ်ထားသော်လည်း မြန်မာဧည့်လမ်းညွှန်များကပင် လိုက်လံပို့ဆောင်ခြင်း၊ အသေးစိတ်ရှင်းပြခြင်းများ မပြုလုပ်ကြပါ။ နီပေါနိုင်ငံသည် ဤခရီးသွားလုပ်ငန်းဖြင့်များစွာ ဖွံ့ဖြိုးတိုးတက်မှုရှိလာကြောင်း ဂူးတမ်နယ်စပ်မြို့၏ ၅နှစ်ကာလအတွင်း သိသာစွာ တိုးတက်လာပုံကို ကြည့်၍ ခန့်မှန်းနိုင်ပါသည်။ နီပေါနယ်စပ်အဝင်တွင် လူတစ်ဦးလျှင် ၁၅ ရက် ဗီဇာအတွက် အမေရိကန်ဒေါ်လာ ၃၀၊ ၃ လအထိ ဗီဇာဆိုလျှင် ဒေါ်လာ ၉၀ ကောက်ခံကြောင်း ဖော်ပြထားသည်။

ကျွန်တော်တို့လည်း ရာဇဂြိုဟ်သို့ ခရီးဆက်ရန် နီပေါနိုင်ငံမှစတင်ထွက်ခွာခဲ့ပါသည်။ နီပေါလ.ဝ.က ကို အလာတုန်းကအတိုင်း လွယ်ကူစွာ ကျော်ဖြတ်နိုင်ခဲ့ပါသည်။ နယ်ခြားစောင့်ဂိတ်တွင် ပတ်စပို့ပြ၍ စာရင်းသွင်းပြီး အိန္ဒိယနယ်စပ်ဂိတ်သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ အိန္ဒိယ လ.ဝ.ကတွင် ကျွန်တော်တို့ရှေ့မှ တစ်ဖွဲ့သာရှိသဖြင့် ကြာကြာမစောင့်ရနိုင်ဟု ဝမ်းသာသွားကြသည်။ သို့သော် မှန်းချက်နှင့်နှမ်းထွက် မကိုက်ပါ။ နယ်ခြားစောင့်တပ်ဂိတ်တွင် ကျွန်တော်တို့နောက်မှ စာရင်းသွင်းခဲ့သည့် ထိုင်းဘုန်းကြီးအဖွဲ့ကို အရင်ခေါ်ယူလိုက်ပါသည်။ ထိုအဖွဲ့နောက်မှ ရောက်လာသော အနောက်တိုင်းသားနှစ်ဦးကို ထပ်မံခေါ်ယူပြန်ရာ ထိုပုဂ္ဂိုလ်များမှာ (Departure form)ထွက်ခွာပုံစံပင် မဖြည့်ရသေးပေ။ မနေနိုင်တော့သဖြင့် Excuse me, why're we late? We are previous စသည်ဖြင့် "ကျွန်တော်တို့က အရင်ရောက်တာဘာလို့ နောက်ကျနေတာလဲ၊ စောင့်နေတာ ၂ နာရီကျော်ပြီ၊" ဟု အရာရှိတစ်ယောက်ကို ပြောရာ "They are departure" ဟု ပြန်ပြောသည်။ မည်သို့ဆိုစေ ထိုသို့ပြောသည့်အတွက် ကျွန်တော်တို့နှစ်ယောက်ကို မကြာမီ တံဆိပ်တုံး ထုပေးသည်။ ကျွန်တော့်အဖွဲ့က ၁၈ ယောက်ကို တစ်ခါတည်း လုပ်ပေးပါ၊ we are same group ဟု ပြောသော်လည်း မရပါ။ အင်ဒီးယားတာဝန်ရှိသူများ၏ ရှူးချင်ယောင်ဆောင်နည်းမှာ ဘာသာစကားနားမလည်ဟန်ဆောင်ခြင်းဖြစ်သည်။ ကျွန်တော်တို့ကို စိစစ်နေစဉ် အနောက်တိုင်းသူ တစ်ဦးရောက်လာကာ နီပေါကိုသွားဖို့ ဘယ်လိုလုပ်ရမလဲ မေးသောအခါ နားမလည်ချင်ယောင်ဆောင်ခဲ့သော ပုဂ္ဂိုလ်ကပင် အင်္ဂလိပ်လို ရှင်းပြသည်။ အင်ဒီးယားများတွင်လည်း အဖြူကြောက်ရောဂါရှိကြောင်း မှတ်သားရပါသည်။ ရောက်နှင့်ပြီးသော ဥရောပပုံစံတိုးရစ်တစ်ဦးမှာ ဝန်ထမ်းများသာ ဝင်ခွင့်ရှိသည့် ရုံးအတွင်းပိုင်းကို ဝင်ရောက်သွားသည်။ မကြာမီ အရာရှိတစ်ဦးက ခေါ်ထုတ်လာပြီး (Passenger) ပြည်သူများ ဝင်ခွင့်မရှိသော နေရာဖြစ်ကြောင်း၊ ဘာ့ကြောင့် ဝင်ရသလဲ စသည်ဖြင့် ပြောဆိုမေးမြန်းသံကြားရသော်လည်း မြန်မာများကို နောက်ဆုတ်ခိုင်းသကဲ့သို့ အော်ငေါက်သံမဟုတ်ဘဲ ပုံမှန်အသံသာဖြစ်သည်။ တိုးရစ်က အိမ်သာရှာတာပါ ဆို၏။ ကျွန်တော်တို့ ဇနီးမောင်နှံ၏ ပတ်စပို့တွင် တံဆိပ်တုံးထုပြီးသော်လည်း အခြားသူများအား စောင့်ရမည်ဖြစ်သဖြင့် လက်ဖက်ရည်ထွက်သောက်သည်။ အရင်ခေါက်က တစ်ခွက်လျှင် ရူပီး ၁၀၊ မြန်မာငွေ ၄၅၀ကျပ်ပေးရသဖြင့် ထိုအတိုင်းပေးချေရာ ရူပီး၂၀ဖြစ်နေပြီဆို၏။ နယ်စပ်မို့ ပိုယူသည်ထင်သော်လည်း ရာဇဂြိုဟ်တွင်လည်း ရူပီး၂၀ပင် ပေးရသည်။ အိန္ဒိယတွင်လည်း ငွေကြေးဖောင်းပွမှု ရှိပါသည်။

ဆက်လက်ဖော်ပြပါမည်-

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## ကမ္ဘာ့ပထမဆုံးမျှော်စင်ညီနောင် နေအပူစွမ်းအင်စခန်း တစ်နာရီ ၁ ဒသမ ၈ ဘီလျံကီလိုဝပ် နှစ်စဉ်ထုတ်ပေးမည်

တရုတ်နိုင်ငံ ကန်စုပြည်နယ်ရှိ လွင်တီးခေါင်တစ်နေရာ၌ မျှော်စင်တစ်ခုလျှင် ပေ ၆၅၀ မြင့်သော မျှော်စင်ညီနောင်နှင့် အတူတွဲလျက် ကမ္ဘာ့ပထမဆုံးမျှော်စင်နှစ်ခု နေအပူစွမ်းအင်စခန်း တည်ဆောက်ခဲ့ရာ ပြီးစီးလုနီးနေလေပြီ။

နေရောင်ခြည်မှ အလင်းကို စုဆောင်းရန် မှန်ချပ်ပေါင်း ၃၀၀၀၀ ကိုလည်း ထိုစခန်းတွင် အသင့်တပ်ဆင်ပြီးနေပြီ ဟု ဆိုသည်။

ထိုစခန်းတွင် ပုံမှန်နေအပူစွမ်းအင်စတင်ထုတ်လုပ်ပြီဆိုပါက တစ်နာရီ ၁ ဒသမ ၈ ဘီလျံကီလိုဝပ် နှစ်စဉ်ထုတ်ပေးနိုင်မည်ဟု မျှော်မှန်းထားသည်။

နေအပူစွမ်းအင်ဆိုသည်မှာ နေစွမ်းအင်နှင့်မတူဘဲ နေရောင်ခြည်မှ စုဆောင်းရရှိသော အပူဖြင့် ရေကိုဆူပွက်စေရာမှ ရေနွေးငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

(Mon)

## Xiao Zhan နှင့် Wang Yibo တို့နှစ်ဦးသား အားပေးစကားများ ပြောထားကြ



တရုတ်အနုပညာလောကတွင် နာမည်ကြီး မင်းသားနှစ်ယောက်ဖြစ်သည့် ရှောင်ကျန့်နှင့် ဝမ်ရိဘိုတို့ The Untamed ရိုက်ကူးအပြီး နှစ်ဦးသား အားပေးစကားများ ပြောထားကြကာ လက်ရှိအချိန်အထိ လက်တွဲမဖြုတ် အားပေးနေကြဆဲဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှောင်ကျန့်ကို ဝမ်ရိဘို ချီးကျူးအားပေးစကားပြောကြားရာတွင် အလွန်အံ့သြစရာကောင်းပြီး သရုပ်ဆောင်စွမ်းရည်မှာ အထက်တန်းအဆင့်ကျကာ၊ အလွန်သိမ်မွေ့၍ အရုပ်ရှည်ကာ မျက်လုံးကြီးပြီး ကြင်နာတတ်ကြောင်း သူနှင့်အတူ အလုပ်အတူ ဆက်လုပ်၍ အပြန်အလှန်သင်ယူချင်သေးကြောင်း၊ အကတော်၍ အတူကချင်ပြီး သီချင်းဆိုလျှင် အသံလှကာ ပြီးပြည့်စုံသည့် အနုပညာရှင်ဟု ဆိုသည်။

ဝမ်ရိဘိုကို ရှောင်ကျန့်က ချီးကျူးစကားပြောရာတွင် အားနည်းချက်ရှိသူဟု မထင်ကြောင်း၊ အကစွမ်းရည်ရော၊ သရုပ်ဆောင်ပါ အလွန်တော်ပြီး အရာရာအလေးအနက်ထားလုပ်တတ်ကြောင်း၊အသားအရေနူးညံ့သကဲ့သို့ စိတ်ထားလည်း နူးညံ့ကာ လိုချင်သည့်အရာကို ရအောင်လုပ်ယူနိုင်သည့် အားနည်းချက်မရှိ အနုပညာရှင်ဟု ဆိုသည်။ (SKY)

## Nine Naphat မိခင်အတွက် ချစ်သူနှင့် လမ်းခွဲခဲ့

ထိုင်းအနုပညာရှင် နိုင်နာပွန်နှင့် ချစ်သူ ဘိန်ဖရင်ပီချာနွန်တို့ နှစ်ဦး ချစ်သူသက်တမ်းတစ်နှစ်ကျော်ခဲ့ပြီး မိခင်အတွက် ချစ်သူနှင့် လမ်းခွဲခဲ့၍ ပရိသတ်များ၏ ဝေဖန်ခံနေရသည်ဟု နိုင်းနယူးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘိန်ဖရင်ပီချာနွန်မှာ ထိုင်းထိပ်တန်းအနုပညာရှင်စာရင်းဝင်ဖြစ်ပြီး ကျော်ကြားမှုများ၊ အောင်မြင်မှုများ ပိုင်ဆိုင်ထားကာ ချစ်သူနိုင်နာပွန်နှင့် ပျော်စရာခရီးထွက်ခဲ့ပြီးမှ လမ်းခွဲခဲ့ကြခြင်းဖြစ်သည်။

နိုင်နာပွန်အပေါ်နားလည်မှုအပြည့်အဝပေးထားသော ဘိန်ဖရင်ပီချာနွန်သည် နိုင်နာပွန်၏ မိခင် မှုမမှန်သည့်အပြုအမူများကို အကြိမ်ကြိမ်ခံခဲ့ရပြီး၊ ပျော်စရာခရီးမှ အပြန်တွင် တတိယလူမပေါ်၊သစ္စာဖောက်ခြင်းမရှိဘဲ ဘိန်ဖရင်ပီချာနွန်ကိုယ်တိုင်က လမ်းခွဲပေးခဲ့ခြင်းဖြစ်သည်။

နိုင်နာပွန်က အင်တာဗျူးတွင် သူတို့နှစ်ဦးအတွက် အဖြေကို ဘိန်ဖရင်ပီချာနွန်က ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သော်လည်း ပရိသတ်ဝေဖန်ခံခဲ့ရသည်။

(SKY)





## Jung Kook ကို Michael Jackson နှင့် တူကြောင်း အနောက်တိုင်း အနုပညာရှင်များ လက်ခံထားကြ

ဘီတီအက်စ်အဖွဲ့ဝင် ဂျောင်ကုတစ်ကိုယ်တော် ဂီတ Standing Next To You ကို ကြည့်ရှုပြီး မိုက်ကယ်ဂျက်ဆင်ကို သတိရခဲ့ကြောင်း ဒိုင်ယာနာရှိစ်က ပြောကြားထားသည်ကို Media ဘက်မှ ပြန်တင်ထား၍ အနောက်တိုင်းအနုပညာရှင်များကပါ လက်ခံခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါတင်ပြမှုတွင် အနောက်တိုင်းအနုပညာရှင်များက မိုက်ကယ်ဂျက်ဆင်၏ အနုပညာကို နောက်ထပ်ပြန်၍ ရှင်သန်အောင် ပြုလုပ်ပေးသဖြင့် ကျေးဇူးတင်ကြောင်း၊ ဘီတီအက်စ်အဖွဲ့မှ ဂျောင်ကုသည် အသံ၊ ကကွက်၊ စိတ်အားထက်သန်မှုအရာအားလုံးကို ပိုင်ဆိုင်ထားပြီး ခေတ်သစ်မျိုးဆက် အနုပညာများကြားတွင် မိုက်ကယ်ဂျက်ဆင်၏ ဂီတနှင့် အနုပညာကို ရှင်သန်နေဆဲမြင်တွေ့ရ၍ ဝမ်းသာကြောင်းများ ပြောထားကြသည်။

ဂျောင်ကုသည် သီချင်းဆို၍ ကတတ်မှုကို ဟန်ချက်ညီညီနှင့် အကောင်းဆုံးဖြစ်အောင် လုပ်နိုင်၍ ကြည့်ရှုသူများ၏ နား၊ မျက်စိကို ပွင့်စေသူဖြစ်၍ ထွက်ရှိထားသမျှ ဂီတများ ထိပ်ဆုံးနေရာရောက်ကာ သီချင်းဆိုပုံ Aura များ၊ Energy ထုတ်ပုံမှာ မိုက်ကယ်ဂျက်ဆင်ကို ပြန်အမှတ်ရစေ၍ ပြန်ဝင်စားသည်ဟု ထင်မိသည်ဟု အသီးသီးချီးကျူးစကားပြော လက်ခံထားကြသည်။

(SKY)




## Prabhas ၏ Kalki ရုပ်ရှင်နှင့် ဝင်ငွေ ကုဋေ ၈၀ ရရှိထား

ဟောလိဝုဒ်ရုပ်ရှင် Kalki အောင်မြင်မှုနှင့်အတူ ပါဝင်သရုပ်ဆောင်ထားသော သရုပ်ဆောင်များအနက် ပရာဘတ်စ်ကို ပထမပိုင်းအတွက် ရူပီ ကုဋေ ၈၀ ပေးခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်အတွက် ၂၀၂၀ ပြည့်နှစ် ကိုဗစ်ကာလတွင် အနုပညာရှင်များကို စတင်ကမ်းလှမ်းခဲ့ပြီး စာချုပ်ချုပ်ထားကာ အပိုင်းသုံးအထိ ရိုက်ကူးမည်ဖြစ်ကာ စုစုပေါင်း ဘတ်ဂျက်ကုဋေ ၁၅၀၀ အထိ အသုံးပြုရန် လျာထားသည်။

ပထမပိုင်းထုတ်လုပ်ပြီးချိန်တွင် ကုဋေ ၆၀၀ ကုန်ခဲ့ပြီး ပရာဘတ်စ်ကို ပထမပိုင်းအတွက် ကုဋေ ၈၀၊ ဒီပီကာပါဒူနွန်ကို ကုဋေ ၂၀ ပေးခဲ့သည်။

ဝင်ငွေ သိန်းတစ်ထောင်ရရှိခဲ့သော Kalki ရုပ်ရှင်မှာ ရှာရွတ်ခန်၏ Jawan, Pathaan ရုပ်ရှင်ကားများပြီးနောက် ဒုတိယဝင်ငွေ အများဆုံးဖြစ်ခဲ့ကာ အပိုင်းနှစ်နှင့် သုံးကို ပရိသတ် စောင့်မျှော်နေကြသည်။

(SKY)

## Park Jimin ဝေဖန်တိုက်ခိုက်မှုများကြားမှ ထိပ်ဆုံးနေရာရရှိထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျီမင်ခေါ် ပတ်ဂျီမင်၏ တစ်ကိုယ်တော် ဂီတ ထွက်ရှိလာပြီး ကုမ္ပဏီမှ ပံ့ပိုးမှုမရှိဘဲ ဝေဖန်တိုက်ခိုက်မှုများကြားမှာပင် ထိပ်ဆုံးစာရင်းဝင်နေရာ ရရှိထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ် Spotify Gobal Chart တွင် ကေပေါ့ပ်အနုပညာရှင်များ နေရာယူထားကြရာ ဂျီမင်၏ နောက်ခံလိုဂိုနှင့် သီဆိုထားသည့် Smeraldo Garden Marching Band က ပထမ၊ လီဆာ၏ Rock Star၊ ဂျောင်ကု၏ Never Let Go၊ ဗွီ၏ Friend၊ အာရ်အမ်၏ Come Back to Me တို့ စာရင်းဝင်ခဲ့ကြသည်။

ထို့အပြင် အဆိုပါဂီတနှင့် အမေရိကန် နေ့စဉ်ထိပ်ဆုံးစာရင်းတွင် ထိပ်ဆုံး၊ Spotify Gobal Song Chart တွင် နံပါတ်လေးနေရာ၊Us Daily Song Chart တွင် ၄၂ နေရာ၊ Gobal Spotify daily top Artist Song Chart တွင် ၃၀ နေရာ ရရှိထားသည်။

ဂျီမင်၏ နောက်လ ၁၉ ရက်တွင် ထွက်ရှိလာဦးမည့် MUSE ၏ သီချင်းခေါင်းစဉ် WHO ကိုလည်း ဆက်လက်အားပေးရန် ပရိသတ် စောင့်မျှော်နေကြသည်။

(SKY)



## IU မှာ လူမှုကွန်ရက်နှင့် Google တွင် ပရိသတ်ရှာဖွေမှုအများဆုံး အနုပညာရှင်ဖြစ်လာ

ကေပေါ့ပ်အနုပညာရှင်များကို လူမှုကွန်ရက်နှင့် Google တွင် ပရိသတ်ရှာဖွေမှုအများဆုံးစာရင်း ပြုစု၍ ၂၀၂၄ ခုနှစ် နှစ်လယ်တွင် ထုတ်ပြန်ထားရာ အိုင်ယူက တတိယစာရင်းဝင်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် ထိပ်ဆုံးဆယ်ဦး၌ ဘီတီအက်စ်မှ ဗွီနှင့် ဂျောင်ကု၊ အိုင်ယူ၊ ဘလက်ပင့်ခ်မှ လီဆာနှင့် ဂျင်နီ၊ အက်စထရိမှ ချာအန်ဝူး၊ ဘီတီအက်စ်မှ ဂျီမင်၊ ဂျင်နှင့် ဆူဂါ၊ ဂျီဆိုတို့ကို ပရိသတ် Google တွင် ရှာဖွေမှု အများဆုံးဖြစ်ခဲ့သည်။ (SKY)








အမေရိကန်ပြည်ထောင်စု ဝစ္စကိုဆင်ပြည်နယ် မီလ်ဝေါလ်ကီမြို့ရှိ ဖီဆပ်ခန်းမဆောင်တွင် ဇူလိုင် ၁၈ ရက်က ကျင်းပသော ရီပတ်ဘလီကန်နှစ်ပတ်လည်ညီလာခံပိတ်သိမ်းပွဲသို့ သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်ကို အားပေးရန်တက်ရောက်လာသည့် ၎င်း၏စနီးဦးဆောင်သော သားသမီးနှင့် မြေးများကို တွေ့ရစဉ်။ **Mon**

# ဗီယက်နမ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌတာဝန်ကို သမ္မတတိုလမ် ပူးတွဲထမ်းဆောင်ရမည်

**ဟန်နွိုင်း ဇူလိုင် ၁၉**

အသက် ၈၀နှစ် အရွယ် ဗီယက်နမ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ငုယင် ဖူထရောင်းကျန်းမာရေးအရ အနားယူလိုက်ပြီဖြစ်ရာ ၎င်း၏ အရိုက်အရာကို သမ္မတတိုလမ် ဆက်ခံကာ ပါတီဥက္ကဋ္ဌတာဝန်ကို ပူးတွဲထမ်းဆောင်ရမည်ဖြစ်သည်ဟု ယင်းပါတီက ဇူလိုင် ၁၈ တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ငုယင်ဖူထရောင်းအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ အာဏာအရှိဆုံးသော ကွန်မြူနစ်ပါတီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည်။

၂၀၁၇ ခုနှစ်မှစတင်၍ ၎င်းကိုယ်တိုင်ဦးဆောင်ကာ ပါတီနှင့် အစိုးရအတွင်း အဂတိကင်းစင်ရေး စီမံချက်ကို အောင်အထည်ဖော်ကာ အဂတိမကင်း သူများကို ပြတ်ပြတ်သားသား ဖော်ထုတ်အရေးယူရှင်းလင်းခဲ့သည်။



လွန်ခဲ့သော မေလက သမ္မတအဖြစ်တင်မြှောက်ခံရသော တိုလမ်က အဂတိတိုက်ဖျက်ရေးတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌတာဝန်ကို သမ္မတတိုလမ် ပူးတွဲ ထမ်းဆောင်ရမည်ဟု သတင်းထွက်ပေါ်လာပြီးနောက် ဗီယက်နမ်နိုင်ငံ၏ အဓိကစတော့ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း သိရသည်။ **Mon**

# မြောက်ကိုရီးယားမှ ရောက်လာသူ တေယုန်းဟို တောင်ကိုရီးယား၌ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရ



**ဆိုးလ် ဇူလိုင် ၁၉**

မြောက်ကိုရီးယားနိုင်ငံမှ ခိုလှုံဝင်ရောက်လာသူ တေယုန်းဟိုအား တောင်ကိုရီးယားနိုင်ငံ၌ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်လိုက်သည်ဟု ဇူလိုင် ၁၈ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း ဘီဘီစီသတင်းဌာနကဖော်ပြသည်။

အသက် ၆၂ နှစ်အရွယ် တေယုန်းဟိုကို ဒုတိယဝန်ကြီးရာထူးနှင့်ညီမျှသည်ဆိုသော တောင်ကိုရီးယားသမ္မတ၏ ပေါင်းစည်းရေး အကြံပေးကောင်စီဥက္ကဋ္ဌအဖြစ် သမ္မတယွန်းက ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံဆိုင်ရာ မြောက်ကိုရီးယား ဒုတိယသံအမတ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် လွန်ခဲ့သော ၂၀၁၆ ခုနှစ်က တေယုန်းဟို တောင်ကိုရီးယားနိုင်ငံသို့ ဝင်ရောက်ခိုလှုံခဲ့ခြင်းဖြစ်သည်။

၁၉၆၂ ခုနှစ်က ပြုံယမ်းမြို့တော်တွင် မွေးဖွားခဲ့သော တေသည် အသက် ၂၇ နှစ်အရွယ်မှစတင်၍ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနတွင် လုပ်သက် ၃၀ ခန့်ကြာမြင့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ **Mon**

# ကနေဒါနိုင်ငံခြားရေးဝန်ကြီး မယ်လနီးဂျိုလီ တရုတ်နိုင်ငံသို့ ရှောင်တခင်လာရောက်

**ပေကျင်း ဇူလိုင် ၁၉**

ကနေဒါနိုင်ငံခြားရေးဝန်ကြီး မယ်လနီးဂျိုလီ ဇူလိုင် ၁၉ ရက်က တရုတ်နိုင်ငံသို့ ရှောင်တခင် အလည်အပတ်ဝင်ရောက်လာခဲ့ကြောင်း စီဘီစီသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ၏ ဖိတ်ကြားချက်အရ ၎င်း တရားဝင်သွားရောက်လည်ပတ်ခြင်းဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလက နိုင်ငံခြားရေးဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ပြီးနောက် ဂျိုလီအနေဖြင့် တရုတ်နိုင်ငံသို့ ပထမဆုံးအလည်အပတ်သွားရောက်ခဲ့ခြင်းဖြစ်သည်။

တရုတ်အခြေစိုက် ဟွာဝေးကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ် မုန့်ဝမ်ကျိုးကို အမေရိကန်ကိုယ်စား ကနေဒါက ထိန်းသိမ်းပေးခဲ့ပြီးနောက် တရုတ်အစိုးရက လက်တုံ့ပြန်သောအားဖြင့် ကနေဒါနိုင်ငံသားနှစ်ဦးကို သူလျှိုမှုဖြင့် ဖမ်းဆီးခဲ့ရမှု တရုတ်နှင့် ကနေဒါနှစ်နိုင်ငံအကြားရှိ သံတမန်ဆက်ဆံရေးအခြေအနေ ဆိုးရွားလာခဲ့သည်။

ယခုနောက်ပိုင်းတွင် မုန့်ဝမ်ကျိုးအမှုရော ကနေဒါသူလျှိုမှုများပါ ပြီးဆုံးသွားခဲ့ရာမှ နှစ်နိုင်ငံဆက်ဆံရေးပုံမှန်ပြန်ဖြစ်အောင် ကြံဆောင်နိုင်ရန် မယ်လနီးဂျိုလီ၏ ရှောင်တခင် တရုတ်ခရီးစဉ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

0-0-0-0-0



# ရှားပါးငှက်ဥခွံ အလုံးရေ ၃၀၀၀ကျော်ကို ဩစတြေးလျနိုင်ငံ ဂရန်တွန်မြို့၌ သိမ်းဆည်းရမိ



**ကင်ဘာရာ ဇူလိုင် ၁၉**

ရှားပါးငှက်ဥခွံ အလုံးရေ ၃၀၀၀ ကျော်ကို ဩစတြေးလျနိုင်ငံ တက်စမေးနီးယားဒေသ ဂရန်တွန်မြို့၌ ဇူလိုင်လဆန်းပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၆၂ နှစ်အရွယ် ဒေသခံအမျိုးသားတစ်ဦးထံမှ ယင်းငှက်ဥခွံ စုစုပေါင်း ၃၅၀၄ လုံးကို သိမ်းဆည်းခဲ့ရာတွင် ၎င်းတို့ကို အမှတ်တရအလှထားရန်သိမ်းထားခြင်းဖြစ်သည်ဟု ၎င်းက ထွက်ဆိုသော်လည်း ၁၉၉၉ ခုနှစ်တွင်ပြဋ္ဌာန်းသည့် ဥပဒေနှင့် ငြိစွန်းနေသည်။

ထိုဥများမှပေါက်လာသော ငှက်အမျိုးမျိုးကို ပြည်ပသို့ တရားမဝင်ရောင်းဝယ်ဖောက်ကားရာတွင် ၎င်းပါဝင်ပတ်သက်နိုင်သည်ဟု ဩစတြေးလျအစိုးရ ပတ်ဝန်းကျင်ရေးရာဌာနမှ တာဝန်ရှိသူတစ်ဦးက စွပ်စွဲပြောဆိုသည်။

သို့ဖြစ်ရာ ထိုငှက်ဥခွံများ စုဆောင်းခဲ့သည်ဟု ထွက်ဆိုသူအနေဖြင့် တရားရုံးတွင် စစ်ဆေးကြားနာမှုခံယူရမည်ဖြစ်ကြောင်း သိရသည်။ **Mon**

# မလေးရှားနိုင်ငံ၏ စီးပွားရေးအခြေအနေ ၅ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်း

**ကွာလာလမ်ပူ ဇူလိုင် ၁၉**

ယခုနှစ် ဒုတိယသုံးလအတွင်း မလေးရှားနိုင်ငံ၏ စီးပွားရေးအခြေအနေ ၅ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မည် ခန့်မှန်းထားသည်ဟု မလေးရှားစာရင်းကိုင်ချုပ်က ဇူလိုင် ၁၈ တွင်ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပထမသုံးလအတွင်း ၄ ဒသမ ၇ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ရာ ဒုတိယသုံးလအတွင်း အနည်းငယ်တိုးတက်လာမည့် သဘောဖြစ်သည်။



လက်လီ၊ လက္ကားကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး သိုလှောင်ရေး၊ ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်းများဖွံ့ဖြိုးလာလျှင် စီးပွားရေးပိုမိုတိုးတက်လာဦးမည်ဟု ၎င်းက သုံးသပ်ပြောဆိုခဲ့ကြောင်း သိရသည်။ **Mon**




# အိန္ဒိယ၌ ခရီးသည်တင်မီးရထား လမ်းချော် လူနှစ်ဦးထက်မနည်းသေဆုံး၊ ၃၅ ဦး ဒဏ်ရာရ



**ဒေလီ ဇူလိုင် ၁၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ဇူလိုင် ၁၈ ရက်က ခရီးသည်တင်မီးရထားလမ်းချော်တိမ်းမှောက်မှုဖြစ်ပွားရာ လူနှစ်ဦးထက်မနည်းသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုချန်ဒီဂတ်သ်-ဒီဘရူဂါး ခရီးသည်တင်အမြန်ရထားသည် အယုဒ္ဓယမြို့အနီးတွင် ဒေသစံတော်ချိန်နေ့လယ် ၂ နာရီ မိနစ် ၃၀ခန့်တွင် လမ်းချော်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

လူစီးတွဲ ၂၂ တွဲအနက် ၄ တွဲသာ မီးရထားလမ်းဘေးသို့ ချော်ကျသွားခဲ့ခြင်းဖြစ်ပြီး ညနေပိုင်းတွင် ကယ်ဆယ်ရေးလုပ်ဆောင်ပြီးစီးခဲ့ကြောင်း သိရသည်။ **Mon**

## လေပြင်းတိုက်ခတ်၍ သစ်ပင်လဲကျနေမှုအား ရှင်းလင်းဖယ်ရှား

**မင်းဘူး ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊အမှတ်(၄)ရပ်ကွက်၊ ရှမ်းစုရပ်၊ ဆင်ခေါင်းလမ်းနှင့် ဦးဩဘာသလမ်းထောင့်တွင် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁နာရီ ၅၆မိနစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျ၍ လမ်းတွင် သစ်ကိုင်းများပိတ်မိနေကြောင်း သတင်းရရှိသဖြင့် မင်းဘူးခရိုင်နှင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ရှာဖွေကယ်ဆယ်ရေး သန္နေမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။



အလားတူ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊အမှတ်(၇)နယ်မြေ၊ အုတ်ဖိုရပ်၊ဓမ္မာရုံ အနောက်ဘက်တွင် ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီ ၂၅ မိနစ်က သက်တမ်းရင့်မန်ကျည်းပင်နေအိမ်ပေါ်သို့ လဲကျမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ချောက်မြို့နယ်မီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ သစ်ပင်သစ်ကိုင်းများ ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (ဝ၄၅)

## ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် တောင်သူများ စိုက်ပျိုးထားသည့်သီးနှံများ ထိခိုက်ပျက်စီးဆုံးရှုံး

**အောင်လံ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် အတွင်းရှိ ကျေးရွာများတွင် ဇူလိုင် ၁၂ ရက်မှစတင်၍ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် တောင်သူများစိုက်ပျိုးထားသည့် သီးနှံများ ပျက်စီးဆုံးရှုံးမှုရှိသည်။

အောင်လံမြို့နယ်အတွင်း ကျေးရွာများတွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် သီးနှံစိုက်ခင်း ရေဝင်ရောက်သည့်နေရာများမှာ မကျီးကုန်းကျေးရွာတွင် ရေမြုပ်ဧက ၁၃၅ ဧက၊ မိုးဖုန်းကျေးရွာတွင် ရေမြုပ်ဧက ၃၃၄ ဧက၊ ရေပြင်းကျေးရွာတွင် ရေမြုပ်ဧက ၃၂၁ ဧက၊ အင်းကုန်းကျေးရွာတွင် ရေမြုပ်ဧက ၄၇၇ ဧက၊ မအူခုံကျေးရွာတွင် ရေမြုပ်ဧက ၅၂ ဧက၊ တောင်နံ့သာကျေးရွာတွင် ရေမြုပ်ဧက ၇၇ ဧက၊ ကျောက်ဆည်ကျေးရွာတွင် ရေမြုပ်ဧက ၃၈၇ ဧက၊ ပြလို့မြို့တွင် ရေမြုပ်ဧက ၁၄၁ ဧက၊ ကျီရပ်ကုန်းကျေးရွာတွင် ရေမြုပ်ဧက ၁၁၃ ဧက၊ ငါ့ပြင်းကျေးရွာတွင် ရေမြုပ်ဧက ၉၄ ဧက၊ ကွမ်းလောင်းကျေးရွာတွင် ရေမြုပ်ဧက ၈၈ ဧက၊ ကံမလေးကျေးရွာတွင် ရေမြုပ်ဧက ၁၃ ဧက၊ သရက်တောရပ်ကွက်တွင် ရေမြုပ်ဧက ၂၈ ဧက၊ ညောင်ပင်ဆိပ်ကျေးရွာတွင် ရေမြုပ်ဧက ၅၁ ဧက၊ ပိတောက်ကုန်းကျေးရွာတွင် ရေမြုပ်ဧက ၃၂ ဧက၊ သံရွာကျေးရွာတွင် ရေမြုပ်ဧက ၄ ဧက၊ စုစုပေါင်း ၂၃၄၇ ဧက မြစ်ရေဝင်ရောက်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

မျိုးသိန်း(မြန်/ဆက်)



## UNITY ကိုယ်ပိုင်အထက်တန်းကျောင်းတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို)မှ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေး ဟောပြော



**မန္တလေး ဇူလိုင် ၁၉**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို)(AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀၊ ၅၆ လမ်းနှင့် ၅၇လမ်းကြားရှိ UNITY ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။

ပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးကိုယ်စား ကြီးကြပ်သူ ဆရာမ ဒေါ်အေးအေးစိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးဇော်ဦးက ဟောပြောပွဲကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းကို ဟောပြောခြင်း အတွင်းရေးမှူးဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်များအကြောင်းဟောပြောပြီး အသင်းအမှုဆောင်များဖြစ်သော ဦးဝင်းမင်းလှိုင်နှင့် ဒေါ်သင်းသင်းဦးတို့က ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကြပြီး ဖြေဆိုသူများအား အမှတ်တရဆုလက်ဆောင်များ ပေးအပ်လျက် UNITY ကိုယ်ပိုင်အထက်တန်းကျောင်းမှ (AEDA- Mdy)သို့ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၇ဝ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဒက္ခိဏသီရိမြို့နယ်၊ ဆည်စုကျေးရွာနေ ဇော်မင်းနိုင်(ခ)ဇော်ခိုင်ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းနှင့်အတူ ဖင်မင်းဦး(ခ)ကတုံးဆိုသူအား တွေ့ရှိပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂ ပြား၊ ဘိန်းဖြူ အလေးချိန် ၁ ဂရမ် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၃နာရီ မိနစ်၄၀က ဖင်မင်းဦး (ခ)ကတုံးဆိုသူ ငှားရမ်းနေထိုင်သည့် ဇမ္ဗူသီရိမြို့နယ်၊ရွှေကြာပင်ရပ်ကွက်၊ ချင်းတွင်း(၃)လမ်းရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀နှင့် ဘိန်းဖြူ အလေးချိန် ၅ ဂရမ်တို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇော်မင်းနိုင်(ခ)ဇော်ခိုင်(၃၅)နှစ်နှင့် ဖင်မင်းဦး(ခ)ကတုံး (၄၂)နှစ်ဆိုသူတို့အား သက်ဆိုင်ရာ ရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲပြီး မီးလောင်မှု ဖြစ်ပွား

**ပျော်ဘွယ် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ပျော်ဘွယ်မြို့နယ်၊ မင်းလမ်းကျေးရွာအုပ်စု၊ မင်းလမ်း(မြောက်)ကျေးရွာ၊ ရန်ကုန် - မန္တလေးသွားကားလမ်းဘေးရှိ စားသောက်ဆိုင်တွင် လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲပြီး မီးလောင်မှု ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁နာရီခွဲဝန်းကျင်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးမှူးဦးစီးအရာရှိ ဦးကျော်မျိုးဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့သည် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် ဒေသခံပြည်သူများနှင့်အတူဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါမီးလောင်မှုကြောင့် ပေ(၃၀×၂၀)၊ Streel Structure အကာအရံမပါတစ်ထပ်အဆောင်၏အမိုး ထန်းရွက်မိုးများ မီးလောင်ဆုံးခဲ့သဖြင့် မီးပေါ်ဆစ္စာ သုံးစွဲသူစားသောက်ဆိုင်တာဝန်ခံအား ပျော်ဘွယ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝ၅၇)

## ကျောက်ဆည်မြို့နယ်တွင် ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇူလိုင် ၁၄ ရက် ည ၉ နာရီက ကျောက်ဆည်မြို့နယ်၊ သံကျေးရွာ အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် နိုင်ဝင်းဆိုသူမောင်းနှင်ပြီး အေးကိုဝင်းဆိုသူ လိုက်ပါလာသည့် ၁၂ ဘီး မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဓာတုပစ္စည်းများဖြစ်သည့် HYDROGEN PEROXIDE ၆၈၀၀ လီတာ၊ CAUSTIC SODA ၄၁၂၅ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နိုင်ဝင်း(၂၆)နှစ်နှင့် အေးကိုဝင်း(၂၆)နှစ်ဆိုသူတို့အား သံရွာနယ်မြေရဲစခန်းတွင် ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ကျောက်ဆည်မြို့နယ် ကျောက်ဆောက်ကုန်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**ကျောက်ဆည် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒါန်းတိုင်ကျေးရွာအုပ်စု၊ ကျောက်ဆောက်ကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစေရန် အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ဇူလိုင် ၁၈ ရက်၊ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့် ဝန်ထမ်းများက ကျေးရွာရေ ရရှိရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ကျောက်ဆောက်ကုန်းကျေးရွာ၌ မြေအောက် အနက်ပေ ၄၀၀ ရှိ လေးလက်မခွဲ စက်ရေတွင်း တူးဖော်ခြင်း၊ 3HP Submersible Pump နှင့် အိမ်သုံးမီတာတပ်ဆင်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် အကျယ်အဝန်း (၅ ပေ×၅ ပေ×၇ ပေ)ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ပေ ၅၂၈၀ နှစ်လက်မ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်နေသည့် ကျေးလက်ရေ ရရှိရေးလုပ်ငန်းကို အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ကျောက်ဆည်မြို့နယ် ကျောက်ဆောက်ကုန်းကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ငန်းများဆောင်ရွက်ခြင်းကို ပြည်ထောင်စုငွေလုံးငွေရင်း(မူလ) ခွင့်ပြုရန်ပုံငွေ ကျပ် ၄၁ ဒသမ ၅ သန်းဖြင့် တာဝန်ယူ၍ ယခုနှစ် ဇွန်လ ၁၅ ရက် နေ့က လုပ်ငန်းစတင်ဆောင်ရွက် ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြေအောက် အနက်ပေ ၄၀၀ ရှိ လေးလက်မခွဲ စက်ရေတွင်း တူးဖော်ခြင်း၊ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးက ပြောပြသည်။

(၄၄၅)

## ပွင့်ဖြူမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအုတ်ရိုက်နည်းသင်တန်းဆင်းပွဲ ကျင်းပ



**ပွင့်ဖြူ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ရန် ရည်ရွယ် ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ အုတ်ရိုက်နည်းသင်တန်း ဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကို ဖွင့်လှစ်သင်ကြား ပေးခြင်းဖြစ်၍ လက်တွေ့လုပ်ငန်းခွင် ဖော်ဆောင်ပြီး အကျိုးရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှရွှေမောင်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မိသားစုဝင်ငွေတိုးပွားစေရန် သင်တန်းမှ ပို့ချသင်ကြားပေးသည့် သက်မွေးပညာရပ်များကို အကျိုးရှိရှိ အသုံးချပြီး လုပ်ကိုင်သွားကြရန်နှင့် မိမိတို့ရပ်ရွာရှိ သက်မွေးပညာ စိတ်ဝင်စားသော ဒေသခံပြည်သူများကို လက်ဆင့်ကမ်းမျှဝေသင်ကြားပေးကြရန် ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ အုတ်ရိုက်နည်းသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားခဲ့ပြီး ဇူလိုင် ၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ သင်တန်းကာလ ၁၅ ရက်ကြာ စာတွေ့လက်တွေ့ စနစ်တကျ ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ဝ-ဝ-ဝ-ဝ-ဝ

## ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ၁၂၄ စင်တီမီတာ(၄)ပေ ကျော် မြင့်တက်နေသေး



**ညောင်ဦး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက်ကျော်လွန် ရောက်ရှိနေပြီး ဇူလိုင် ၁၉ ရက်၊ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအထက် ၁၂၄ စင်တီမီတာ၊ ၄ ပေကျော် မြင့်တက်နေသေးကြောင်း ညောင်ဦးခရိုင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ခင်လှနုထွေးထံက သိရသည်။ **(ဓါတ်ပုံ)**

ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာဖြစ်ပြီး ယနေ့ နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ၂၂၄၄ စင်တီမီတာရောက်ရှိနေကြောင်း စိုးရိမ်ရေမှတ်ထက် ၁၂၄ စင်တီမီတာ၊ ၄ ပေခန့် ဆက်လက်မြင့်တက်နေသေးကြောင်း၊ ဧရာဝတီမြစ်ရေကျနှုန်း တစ်ရက် ၇ စင်တီမီတာ ကျနေသည်။ ပြည်သူအချို့သည် ရေဘေးရှောင်စခန်းများ၊ ဆွေမျိုးသားချင်းများအိမ်တွင် ရေဘေးရှောင်နေကြကြောင်းသိရသည်။

(၄၈၁)

**☸ ရှေ့ဖုံးမှ**

ရေမိုင် ၆၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်းတိုင်းငယ်၏ တည်နေရာဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ယနေ့ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၉ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၆ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက်(၃၆)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေကို ပူရီမြို့နီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ထို့နောက် မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ ဩရိဿပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ်တို့သို့ ရောက်ရှိကာ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။


**သတိပေးနှိုးဆော်ချက်**

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ ၂၁-၇-၂၀၂၄ ရက်နေ့အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဧလ**





# နိုင်ငံတကာ အားကစား သတင်းများ




## လူးကပ်စ်ဗက်ဇ်ကေး ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဇူလိုင် ၁၉**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်း နောက်ခံကစားသမား လူးကပ်စ်ဗက်ဇ်ကေးအား ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ် အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၄၉ပွဲကစားပြီး ၃၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ လူးကပ်စ်ဗက်ဇ်ကေးက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့လည်း အောင်မြင်မှုများစွာ ရရှိအောင် ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။

(အပေါ်ဝဲပုံ) (NGB)

## ဆယ်ဟူဂယ်ဂါဆီအား ဒေါ့မွန်အသင်း ခေါ်ယူ

**မြူးနစ် ဇူလိုင် ၁၉**

ဒေါ့မွန်အသင်းသည် စတုဂတ် အသင်းတိုက်စစ်မှူးဆယ်ဟူဂယ်ဂါဆီအား ပြောင်းရွှေ့ကြေး ယူရို ၁၇ဒသမ ၅သန်းဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် စတုဂတ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံး ရာသီက ပြိုင်ပွဲစုံ ပွဲ ၃၀ ကစားပြီး ဂိုး ၃၀သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဒေါ့မွန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။




ဒေါ့မွန်အသင်းထုတ်ပြန်ချက်တွင် ဆယ်ဟူဂယ်ဂါဆီအား ခေါ်ယူခဲ့ပါပြီ။ "သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်ခေါ်ယူအားဖြည့်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။

(ဝဲပုံ)
(NGB)

## ဂရင်းဝုဒ် မာဆေးလ်အသင်းတွင် ကျောနံပါတ် ၁၀ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**ပါရီ ဇူလိုင် ၁၉**

တိုက်စစ်မှူး ဂရင်းဝုဒ် မာဆေးလ် အသင်းတွင် ကျောနံပါတ် ၁၀ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက် အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ မာဆေးလ်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ဖြင့် ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဂရင်းဝုဒ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ချက်စတာယူနိုက်တက်အသင်းမှ ဂီတာဖေးအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၆ပွဲ ကစားကာ ၁၀ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာဆေးလ် အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဂရင်းဝုဒ်က "ကျွန်တော်မာဆေးလ်အသင်းမှာ ကျောနံပါတ် ၁၀ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)






## အူဘာမီယန်းအား ၂နှစ်စာချုပ်ဖြင့် အယ်လ်ကတ်ဆီယာအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၉**

ဆော်ဒီကလပ် အယ်လ်ကတ်ဆီယာအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော တိုက်စစ်မှူး အူဘာမီယန်းအား ၂ နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အယ်လ်ကတ်ဆီယာအသင်းတွင် ကျောနံပါတ် ၁၀ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး အူဘာမီယန်းသည် ကစားသမားဘဝတစ်လျှောက်တွင် လိုင်လီ၊ မိုနာကို၊ ဒေါ့မွန်၊ အာဆင်နယ်၊ ဘာစီလိုနာ၊ ချဲလ်ဆီး၊ မာဆေးလ်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အောင်မြင်မှုများ ရယူနိုင်ခဲ့ခြင်းကြောင့် အယ်လ်ကတ်ဆီယာ အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ အူဘာမီယန်းက အသင်းအား အောင်မြင်မှုများရရှိအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် အယ်လ်ကတ်ဆီယာ အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

(အပေါ်ဝဲပုံ)
(NGB)

## ဘရွန်ဇီအား ချဲလ်ဆီးအမျိုးသမီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၉**

ချဲလ်ဆီးအမျိုးသမီးအသင်းသည် ဘာစီလိုနာအမျိုးသမီး အသင်းနှင့် လမ်းခွဲခဲ့သည့် နောက်ခံကစားသမား ဘရွန်ဇီအား ၂နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဆန်းဒါးလန်းအမျိုးသမီးအသင်း၊ လီဗာပူးအမျိုးသမီးအသင်း၊ မန်ချက်စတာစီးတီး အမျိုးသမီးအသင်း၊ ဘာစီလိုနာ အမျိုးသမီးအသင်း စသည့် အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ချဲလ်ဆီးအမျိုးသမီး အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

(ယာပုံ)



အသက်(၃၂)နှစ်အရွယ်ရှိ ဘရွန်ဇီက "ကျွန်မ ချဲလ်ဆီးအမျိုးသမီးအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းဟာ ကြီးကျယ်ခမ်းနားဆုံးအသင်းတစ်သင်းပါ။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ။ ဒီအသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသိမ်းပိုက်သွားမှာပါ" ဟု ပြောသည်။ (NGB)

## 2024 Nordea Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Martina Trevisan ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၉**

ဆွီဒင်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Nordea Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ်မယ် Martina Trevisan က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်မယ် Martina Trevisan သည် 2024 Nordea Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Ann Li အား ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု အား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။




အသက်(၃၀)နှစ်အရွယ်ရှိ Martina Trevisan က "ကျွန်မအခုလို 2024 Nordea Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံ ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ကျွန်မကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အောက်ဝဲပုံ) (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* ဝက်စ်ဟမ်းအသင်းသည် ဆော်ဒီကလပ် အယ်လ်အစ်တီဟတ် အသင်း ကွင်းလယ်ကစားသမား အန်ဂိုလိုကန်တီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် FIFA၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်ထုတ်ပြန်ချက်တွင် အာဂျင်တီးနားလက်ရွေးစင်အသင်းက အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့သည်။

* ကွင်းလယ်ကစားသမား ရာဘီယော့စ်သည် ဂျူဗင်တပ်အသင်းနှင့် စာချုပ်သက်တမ်းထပ်မံမတိုးတော့ဘဲ အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

(NGB)

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ် |
|---|---|---|
| ၂၀-၇-၂၀၂၄ စနေနေ့ | ညနေ ၅:၃၀ နာရီ | ဗီယင်နာ(နယ်သာလန်) – ဘရူဂျက်(ဘယ်လ်ဂျီယံ) |
| ,, | ည ၈:၃၀ နာရီ | QPR(အင်္ဂလန်) – စပါး(အင်္ဂလန်) |
| ,, | ည ၉:၃၀ နာရီ | ရိန်းဂျားစ်(စကော့တလန်) – မန်ယူ(အင်္ဂလန်) |
| ,, | ည ၁၀:၀၀ နာရီ | ရက်ပစ်ဗီယင်နာ(ဩစတြီးယား) – ငအေစီမီလန်(အီတလီ) |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် – ၁/၂ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၇-၂၀၂၄ စနေနေ့ | ညနေ ၃:၃၀ နာရီ (ရန်ကုန်ကွင်း) | (၁၀)သစ္စာအားမာန် – ရတနာပုံ(၄)<br>(L,L) – (D,W) | – |
| ,, | ညနေ ၄:၀၀ နာရီ (သုဝဏ္ဏကွင်း) | (၁၁)ရှိုင် – မဟာ(၈)<br>(L,L) – (W,L) | ရှိုင် ၁-၃ မဟာ<br>မဟာ ၀-၀ ရှိုင် |

### အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (အုပ်စု-က)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၀-၇-၂၀၂၄ စနေနေ့ | မွန်းလွဲ ၂:၃၀နာရီ | ဖိလစ်ပိုင် – တီမော |
| ,, | ည ၇:၀၀နာရီ | ကမ္ဘောဒီးယား – အင်ဒိုနီးရှား |

## အချို့သော ယာဉ်များ သက်တမ်းတိုး မှတ်ပုံတင်ဆောင်ရွက်မှုတွင် ယာဉ်စစ်ဆေးခြင်းများ ပြန်လည်ဆောင်ရွက်မည်

**မန္တလေး ဇူလိုင် ၁၉**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ ယာဉ်သက်တမ်းတိုး မှတ်ပုံတင်ဆောင်ရွက်မည့် Taxi ယာဉ်များ၊ School Bus များနှင့် ၂ တန်နှင့် အထက်အငှားယာဉ်များအားလုံးနှင့် သက်တမ်းတိုးခြင်းအတွက် ခရီးလွန်ယာဉ် စစ်ဆေးခြင်းများနှင့်ပတ်သက်၍ သက်တမ်းတိုး



မှတ်ပုံတင်ဆောင်ရွက်ရာတွင် ဇူလိုင် ၂၂ ရက်မှစတင်၍ ယာဉ်စစ်ဆေးခြင်းများကို ပြန်လည်ဆောင်ရွက်သွားမည် ဖြစ်သည်။

ဌာနအနေဖြင့် မော်တော်ယာဉ်များ၊ သုံးဘီးယာဉ်များ၊ ဆိုင်ကယ်များကို ယာဉ် မှန်၊ မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းနှင့် အကျုံးဝင်သည့်ယာဉ်များကို ယာဉ်စစ်ဆေး၍ အခြားမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ယာဉ်စစ်ဆေးခြင်းမပြုဘဲ နှစ်လဲသက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိသည်ဟု ဆိုသည်။

"Taxi ယာဉ်တွေဆိုတာက AA , BB တွေ၊ ဂ- စင်းလုံးငှားယာဉ်တွေပါတယ်။ ကျောင်းကားဆိုတာက ကျောင်းကားအဖြစ် သုံးပါမယ်ဆိုတဲ့ ပဋိညာဉ်နဲ့ လုပ်ထားတဲ့ လိုင်စင်တွေကို ပြောတာပါ။ ယာဉ်စစ်ရမယ့်ထဲ မပါတာတွေက ထော်လာဂျီယာဉ်၊ ဆိုင်ကယ်နဲ့ အိမ်စီးကားတွေ မပါဘူးလို့ အကြမ်းဖျဉ်း ပြောရမယ်" ဟု ယာဉ်နှင့်ပတ်သက်သည့် ဝန်ဆောင်မှုပေးသူတစ်ဦးက ပြောသည်။ **(အပေါ်ဝဲပုံ)**

ကိုယ်ပိုင်မော်တော်ယာဉ်များ၊ ၂တန်အောက် လုပ်ငန်းသုံးယာဉ်များ၊ ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်နှင့် ထော်လာဂျီများအားလုံး ၂၀၂၄ခုနှစ် စက်တင်ဘာ ၃၀ရက်အထိ ယာဉ်စစ်ဆေးခြင်းမပြုဘဲ မှတ်တမ်းနှင့် တိုက်ဆိုင်စိစစ်၍ ယာဉ်စစ်ဆေးခြင်း ကင်းလွတ်ခွင့်ဖြင့် ဆက်လက် သက်တမ်းတိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ထော်လာဂျီယာဉ်များ နယ်ဝင်/နယ်ထွက် မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ခြင်းကို ယာဉ်စစ်ဆေးခြင်း ကင်းလွတ်ခွင့်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**



## သဘာဝဆိုးဆေး သင်တန်းဆင်းပွဲ ကျင်းပ၊ လက်ရာမွန်များ ပြသ

**မန္တလေး ဇူလိုင် ၁၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေး လမ်းရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ကိုယ်ပိုင်လုပ်ငန်းငယ်ထူထောင်နိုင်စေရန်၊ သဘာဝမှ သက်တံ့သဖွယ် အရောင်စုံရရှိနိုင်မှုတို့ကို သိရှိစေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် သဘာဝဆိုးဆေး အခမဲ့သင်တန်းဆင်းပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက အဆိုပါသိပ္ပံခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီး(ကိုယ်စား) ဒုတိယကျောင်းအုပ်ကြီး(သင်ကြားရေး)က သင်တန်းဆင်း အမှာစကားပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီး(စီမံ)က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများ၏ လက်ရာချည်ထည် ဆေးဆိုးပန်းရိုက်အထည်များကို ကြည့်ရှုခဲ့ကြသည်။

သင်တန်းတွင် သဘာဝမှ ရရှိသော သစ်ခေါက်များကို အခြေခံ၍ ချည်ထည်များအား အရောင်ဆိုးခြင်း၊ သဘာဝသစ်ခက်သက်ရွက်များဖြင့် အထည်များပေါ်တွင် ဆေးရိုက်ခြင်း အခြေခံများကို ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၄၅)**

## ကျောက်ဆည်တက္ကသိုလ်၌ ပျားမွေးမြူရေးဆိုင်ရာအသိပညာပေး သင်တန်းဖွင့်လှစ်ခဲ့

**စဉ့်ကိုင် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာအနီးရှိ ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သတ္တဗေဒဌာနမှ ကြီးမှူးကျင်းပသော ပျားမွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ THEATRE ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာရီရီဦးက သင်တန်းအဖွင့်အမှာစကား ပြောကြားခဲ့ပြီး သတ္တဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာလဲ့လဲ့ထွန်းက ပညာရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအရ သင်ကြားရေးနှင့်သုတေသနစာတမ်းများ၊ သုတေသနလုပ်ငန်းများအပြင် လူ့ဘောင်အဖွဲ့အစည်းအတွက် အကျိုးပြုမှု၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညွှန်ကြားချက်များကို ခံယူကာ သတ္တဗေဒဘာသာရပ်တွင် သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများနေဖြင့် မိမိတို့ဘွဲ့ရသည့်အခါ မိမိတို့သင်ယူလေ့လာခဲ့သည့် ပညာရပ်များကို လုပ်ငန်းခွင်၌လည်းကောင်း၊ တစ်ပိုင်တစ်နိုင် ပျားမွေးမြူရေးလုပ်ငန်းများတွင်လည်းကောင်း အသုံးချနိုင်ရန် များစွာ အကျိုးကျေးဇူးရရှိစေလိုသော ရည်ရွယ်ချက်များဖြင့် ယခုလို ပျားမွေးမြူရေးသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဦးစီးဌာန(ခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပျားမွေးမြူရေးဆိုင်ရာသိကောင်းစရာများအား အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ပြီး သင်တန်းကို စာတွေ့၊ လက်တွေ့ စတင်ပို့ချသင်ကြားပေးခဲ့ရာ သင်တန်းသား၊ သင်တန်းသူများက စိတ်ဝင်တစား လေ့လာသင်ယူခဲ့ကြကြောင်းနှင့် သင်တန်းကို နှစ်ရက်တိုင်တိုင် ဖွင့်လှစ်ပို့ချပေးခဲ့သည်။ သင်တန်းတွင် ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ရီရီဦး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ မြင့်ရီနှင့် ဒေါက်တာနီနီယဉ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ ဌာနမှူး ဒေါက်တာလဲ့လဲ့ထွန်းနှင့် ဆရာ၊ ဆရာမများ၊ မန္တလေးတိုင်းဒေသကြီး ပျားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး ဌာန(ခွဲ)မှ ဒုတိယညွှန်ကြားရေးမှူးနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၃၉၉)**

## တောင်ပေါ်ဒေသတို့မှထွက်ရှိသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ



**မန္တလေး ဇူလိုင် ၁၉**

မန္တလေး၊ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းသို့ ယခုချိန်တွင် တောင်ပေါ်ဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများသည် အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ ခရမ်းချဉ်သီးပွဲရုံများထံမှ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်အတွင်း နောင်ချိုဒေသတို့မှထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ကားအစီးရေ ၁၅ စီးမှ ၂၀ စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုလက်ရှိအချိန်တွင် ဈေးနှုန်းများမှာလည်း နောင်ချိုခရမ်းချဉ်သီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၇၅၀၀၀ မှ ၈၀၀၀၀ ဈေးအထိရရှိနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင်က ပြောသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ် ဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ နောင်ချိုသီးတွေလည်း ဈေးကောင်းရရှိနေပါတယ်။ အဝင်နည်းပြီး ပစ္စည်းပြတ်လပ်နေမှုများကြောင့်လည်းပါတယ်။ တစ်နေ့ကို ကားစီးရေ ၂၀၊ ပုံမှန် အချိန် ၄၀၀၀ လောက်ဝင်ရောက်နေပါတယ်။ အရောင်းအဝယ်ကောင်းနေပြီး ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိတော့ပါဘူး။ နောင်ချိုဒေသက ခရမ်းချဉ်သီးတွေပဲ ထွက်တော့တယ်။ ကျန်တဲ့ ကုန်စိမ်းသီးနှံတွေလည်း ပုံမှန် အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းကာ ဈေးကောင်းများရရှိနေကြောင်း၊ ခရမ်းချဉ်သီးအပြင် ကျန်သည့် ကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဘိုစားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ အာလူးနှင့် ကြက်သွန်များလည်း ပုံမှန် အနေအထားအဖြစ် အရောင်းအဝယ်များ ကောင်းနေကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၀၃၄)**

## သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေး ဟောပြော

**စေတုတ္တရာ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ပြည်သူလူထုပူးပေါင်းပါဝင်သော ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများဖြင့် မိုးရာသီ သစ်ပင် စိုက်ပျိုးခြင်းနှင့် သစ်တောသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း နှင်းဆီခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစွမ်းထက်ကိုက မြို့နယ်ပညာရေးမှူး ဦးသန်းမြင့်နှင့် အ.ထ.က စေတုတ္တရာကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တက်ရောက်လာသူများအား ကျွန်းပျိုးပင်များ ပေးအပ်ကာ အ.ထ.က စေတုတ္တရာကျောင်းဝင်း၌ ကျွန်းပျိုးပင် ၈၀ စိုက်ပျိုးခဲ့ပြီးနောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိက မိုးရာသီကာလ သစ်ပင် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များနှင့် အကျိုးကျေးဇူးများအား အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကို ပြန်လည်၍ မေးခွန်းများမေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက အသီးသီး ပြန်လည်ဖြေကြားပေးသည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များကို သစ်တောဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခြင်း၊ သစ်တောသစ်ပင် စိုက်ပျိုးပြုစုထိန်းသိမ်းရေးပြခန်းများ ပြသရာ တက်ရောက်လာကြသော မြို့နယ်ပညာရေးမှူး၊ အ.ထ.က စေတုတ္တရာကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာအလင်္ကာခန်းမ၌ ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက ကယားပြည်နယ်မှ ဒေသအခက်အခဲကြောင့် ထွက်ခွာလာသော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့(အဖွဲ့ဝင်) ဦးစောဒယ်နီယယ်က အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဦးမင်းမင်းလွင်က အမှာစကားပြောကြားရာမှာ အခြေခံပညာအဆင့်မှာ ကျောင်းသား၊ ကျောင်းသူတိုင်း ပညာရေးကို တတ်မြောက်အောင်မြင်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာများကို ဆက်လက်သင်ကြားနိုင်ရေးဟာ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အဓိကရည်မှန်းချက် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ ပြည်သူလူထုအများစုဟာ ဝင်ငွေအလယ်အလတ်အဆင့်ရှိသူများဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ကျောင်းပညာရေးကိုသာ အဓိကထား အားကိုးနေကြရပါတယ်။ အခြေခံပညာကျောင်းများမှ ထူးချွန်ထက်မြက်တဲ့ ကလေးများ ပေါ်ထွန်းလာရေးအတွက် ကျောင်းအုပ်ကြီးများရဲ့ ဦးဆောင်မှု၊ ဆရာ၊ ဆရာမများရဲ့ သင်ကြားပို့ချမှုတို့ဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးလိမ္မာပြီး ကျောင်းပညာရေးတွင် ပညာတော်၊ ပညာတတ်၊ ဘက်စုံထူးချွန်တဲ့ လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး၊ အနာဂတ်မှာ နိုင်ငံတော်က အားကိုးအားထားပြုရတဲ့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေးဘက်စုံပညာရေးဆိုတဲ့ဆောင်ပုဒ်အတိုင်း ဗလငါးတန်နဲ့ ပြည့်စုံတဲ့ အရည်အချင်းပြည့်ဝတဲ့လူငယ်များကို မွေးထုတ်ပေးနိုင်ရန်မှာ ဆရာ၊ ဆရာမများရဲ့ တာဝန်ဖြစ်ပါတယ်။ ယနေ့ အခမ်းအနားကတော့ တာဝန်ကျေလှတဲ့ ဆရာ၊ ဆရာမများရဲ့ သင်ကြားပို့ချမှုနဲ့အတူ ကျောင်းသား၊ ကျောင်းသူများရဲ့ ကြိုးစားအားထုတ်မှုများကြောင့် ခံစားရတဲ့ အသီးအပွင့်တွေကို မြင်တွေ့ရတဲ့အတွက် မင်္ဂလာရှိပါကြောင်း ထည့်သွင်းပြောကြားသည်။




ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့(အဖွဲ့ဝင်) ဦးစောဒယ်နီယယ်နှင့် တာဝန်ရှိသူများက ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။ ထို့နောက် ပြည်နယ်ပညာရေးမှူးမှ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုအား တင်ပြပြီး (၆) ဘာသာဂုဏ်ထူးရ ကျောင်းသူ မဇွန်ဖြူဖြူသော်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းနှင့် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၃၆၈)



# အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားပေါက်ခြင်း နည်းပညာပေးသင်တန်း (၁/၂၀၂၄)သင်တန်း ပို့ချ

**မန္တလေး ဇူလိုင် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ် သတ္တဗေဒဌာနတို့ ပူးပေါင်း၍ သင်ကြားရေး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား စာတွေ့၊ လက်တွေ့စမ်းသပ်မှုပညာရပ်များအကြောင်း ကျွမ်းကျင်နှံ့စပ်စွာ သိရှိစေရန်နှင့် အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်စေရေးတို့ကို ရည်ရွယ်ပြီး အခြေခံ ငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်း(၁/၂၀၂၄)ကို ဇူလိုင် ၁၇ ရက်မှစတင်၍ အဆိုပါတက္ကသိုလ်ရှိ သတ္တဗေဒဌာန လက်တွေ့စာသင်ခန်းများတွင် သင်ကြားပို့ချခဲ့သည်။

သင်တန်းတွင် ငါးမွေးမြူရေးသမိုင်း၊ ငါးမွေးမြူရန်မြေနေရာ ရွေးချယ်ခြင်း၊ ကန်တူးဖော်ခြင်း၊ ငါးမွေးမြူနိုင်ရန် ကန်ပြင်ဆင်ခြင်း၊ စီးပွားဖြစ်မွေးမြူနိုင်သည့် ငါးမျိုးများရွေးချယ်ခြင်း၊ ငါးသားဖောက်ခြင်းနှင့် ငါးမှုန်၊ ငါးသန်ပြုစုမွေးမြူခြင်း စသည့် ပညာရပ်များကို မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးသံချောင်း၊ နတ်ရေကန်စခန်း၊ သရက်ကုန်းစခန်း၊ ရေနံ့သာစခန်းတို့မှ တာဝန်ခံအရာရှိများနှင့် သင်တန်းနည်းပြဆရာများက (၁/၂၀၂၄)သင်တန်းကို ဇူလိုင် ၁၇ ရက်မှ ၁၈ ရက်အထိ သင်တန်းသား ၃၀ ဦးအား စာတွေ့၊ လက်တွေ့ ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ သင်ကြားပို့ချခဲ့သည်။

ထို့အတူ (၂/၂၀၂၄)သင်တန်းကို ဇူလိုင် ၂၂ ရက်မှ ၂၃ ရက်အထိလည်းကောင်း၊ (၃/၂၀၂၄)သင်တန်းကို ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိလည်းကောင်း၊ (၄/၂၀၂၄)သင်တန်းကို ဇူလိုင် ၂၉ ရက်မှ ၃၀ ရက်အထိ ၃၀ ဦးစီဖြင့် စုဖွဲ့ထားသည့် သင်တန်းသား ၁၂၅ ဦးတို့အား ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၈၂)

# နှစ်လယ် စာအုပ်ဈေးရောင်းပွဲတော် ကျုံးတောင်ဘက်ခြမ်းတွင် ကျင်းပ

**မန္တလေး ဇူလိုင် ၁၉**


နှစ်လယ် စာအုပ်ဈေးရောင်းပွဲတော်ကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၆လမ်း၊ နန်းမြို့ကျုံးတောင်ဘက် Public Area တွင် ဇူလိုင် ၁၈ ရက်မှ ၂၈ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရောင်းချပေးမည် ဖြစ်သည်။

နှစ်လယ် စာအုပ်ဈေးရောင်းပွဲတော်တွင် ကြိုက်တာယူ တစ်အုပ် ငွေကျပ် ၁၀၀၀ အစီအစဉ်များဖြင့် ကာတွန်း၊ ဝတ္ထု၊ သုတ၊ ရသစာအုပ်များ၊ သင်ကြားရေးဆိုင်ရာ အထောက်အကူပြုစာအုပ်များ၊ ဗေဒင်လက္ခဏာစာအုပ်များ၊ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးသားထားသောစာအုပ်များ၊ ရှားပါးစာအုပ်များ စုံလင်စွာ ရောင်းချပေးလျက်ရှိသည်။

"ရန်ကုန်က လာရောက်ဖွင့်လှစ်ရောင်းချတာပါ။ စာအုပ်ဈေးတွေ မြင့်တက်နေချိန် လူတိုင်းဖတ်နိုင်ရန် သုတ၊ ရသစာအုပ်များ ငွေကျပ် ၁၀၀၀၊ ၂၀၀၀ ဖြင့်လည်းကောင်း၊ ရှေးဟောင်းစာအုပ်များကို ငွေကျပ် ၃၀၀၀ ဝန်းကျင်ဖြင့် နှစ်သစ်ရာ ရွေးချယ်ဝယ်ယူနိုင်ရန် ရောင်းချနေတာပါ"ဟု စာအုပ်ဆိုင်ရှင်တစ်ဦးက ပြောသည်။

နှစ်လယ် စာအုပ်ဈေးရောင်းပွဲတော်တွင် ရန်ကုန်မြို့မှ စာအုပ်ဆိုင် ၁၀ ဆိုင်ခန့် လာရောက်၍ ရောင်းချပေးလျက်ရှိရာ အာဇာနည်နေ့၊ ဝါဆိုလပြည့်နေ့ ရုံးပိတ်ရက်များတွင် လာရောက်လေ့လာဝယ်ယူသူ များပြားကြောင်း သိရသည်။

(အောက်ပုံ)
(၀၄၅)



# နာဂဒေသ၏ သမားရိုးကျ မျိုးစပါးသက်တမ်းထက် တစ်လအချိန်တိုသော စိမ်းဧကရီ-၃ မျိုးစပါးကို စိုက်ပျိုးကြရန် ကွင်းသရုပ်ပြ

**စစ်ကိုင်း ဇူလိုင် ၁၉**

နာဂဒေသ၏ သမားရိုးကျ မျိုးစပါးသက်တမ်းထက် တစ်လအချိန်တိုသော စိမ်းဧကရီ-၃ မျိုးစပါးကို စိုက်ပျိုးကြရန် ကွင်းသရုပ်ပြ ဆောင်ရွက်လျက်ရှိကြောင်း လေရှီးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းဝေထံက သိရသည်။

"ဒေသတွင်း သမားရိုးကျ စိုက်ပျိုးတဲ့ မျိုးစပါးသက်တမ်းက ရက်ပေါင်း ၁၈၀ ရှိပြီး မိုးစပါး (SRI) စိုက်နည်းစနစ် မျိုးစေ့ထုတ်(စိုက်ပျိုးခြင်း) ကွင်းပြပွဲ ဆောင်ရွက်ခဲ့တဲ့ မျိုးစပါး (စိမ်းဧကရီ-၃) သက်တမ်းက ရက် ၁၅၀ သာ ရှိပါတယ်။ ဒေသခံ တောင်သူများအနေနဲ့ မိုးစပါး (SRI)စိုက်နည်းစနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလိုက်နာကျင့်သုံးရင် ဒေသတွင်း ဆန်ရေစပါးဖူလုံမှုရှိစေမှာဖြစ်လို့ လက်တွေ့ ကွင်းဆင်းသရုပ်ပြဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ ဒိန်းဂလိန်းကျေးရွာအုပ်စု၊ ရေဒေါင်ကျေးရွာ၊ တောင်သူ ဦးယားပေါ့၏ လယ်(စံပြစိုက်ကွက်)တွင် မိုးစပါး(SRI) စိုက်နည်းစနစ် မျိုးစေ့ထုတ်(စိုက်ပျိုးခြင်း) ကွင်းပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်သည်။

(အောက်ပုံ)



လေရှီးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက မိုးစပါး(SRI) စိုက်နည်းစနစ်နှင့်ပတ်သက်၍ စပါးအထွက်တိုးစေမည့်အချက်များ၊ စိုက်ခင်းပြုပြင်ခြင်းလုပ်ငန်းများ၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ ပေါင်းနှိမ်နှင်းခြင်း၊ ပိုးမွှားရောဂါထိန်းသိမ်းမှု စသည့် အချက်များနှင့် မိုးစပါး(SRI) စိုက်နည်းစနစ်၏ အကျိုးကျေးဇူးများအား ချပြရှင်းလင်းသည်။ ထို့နောက် မိုးစပါး(SRI)စိုက်နည်းစနစ် မျိုးစေ့ထုတ်(စိုက်ပျိုးခြင်း)ကွင်းပြပွဲကို ဆက်လက်ဆောင်ရွက်သည်။

မိုးစပါး(SRI) စိုက်နည်းစနစ် မျိုးစေ့ထုတ်(စိုက်ပျိုးခြင်း) ကွင်းပြပွဲသို့ လေရှီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (၃၉၄)



# မုံရွာမြို့တွင် ဆိုလာသုံးစွဲမှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၁၉**

ဆိုလာသုံးစွဲမှု အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းရှိ ချင်းတွင်းခန်းမတွင် ကျင်းပသည်။

ဒေသတွင်း ဆိုလာသုံးစွဲသူများ ဆိုလာများဝယ်ယူသုံးစွဲခြင်းနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား အငြင်းပွားမှုမရှိစေဘဲ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေရေး ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီမှကျင်းပခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဆိုလာသုံးစွဲမှုနှင့်ပတ်သက်၍ စားသုံးသူ(သုံးစွဲသူ)ပြည်သူများနစ်နာဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးစိုးအောင်က ဆိုလာများ တွင်ကျယ်စွာအသုံးပြုလာမှု အခြေအနေများနှင့် သုံးစွဲသူ မိဘပြည်သူများနစ်နာဆုံးရှုံးမှု မရှိစေအောင် ကာကွယ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးရမည့် အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ တက်ရောက်လာကြသူများက အနာဂတ်အတွက် ဆိုလာလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်လာမည့်အခြေအနေများ၊ ဆိုလာသုံးစွဲရာတွင် ပေးချေရသောငွေနှင့် သုံးစွဲမှု၊ ဆိုလာသုံးစွဲသူ၏ စိတ်ကူးအိပ်မက်စသည့် အကြောင်းအရာများအပါအဝင် သုံးစွဲသူပြည်သူများ နစ်နာဆုံးရှုံးမှုကို ကာကွယ်နိုင်ရေးအဓိက အကြောင်းအရာ(၆)ချက်ကို ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဇော်ထူး၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆိုလာရောင်းချသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၃၉၄)

# မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ဖန်းမော် ဇူလိုင် ၁၉**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၈ နာရီက ၃ မိုင်(ရွှေပြည်သာ)ရပ်ကွက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းဝင်းအတွင်းတွင် ပျိုးပင်ပေါင်း ၁၅၀၀ကို ဗန်းမော်ခရိုင် သစ်တောဦးစီးဌာနက ဦးဆောင်ပြီး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးအောင်ဇော်လတ်နှင့် ခရိုင်သစ်တောဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကို-၁တို့က ပျိုးပင်များ ဖြန့်ဝေပေးခဲ့ပြီး အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးကြည်ဇော်ထွန်း၊ ဗန်းမော်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

ထို့နောက် စုပေါင်းသစ်ပင်စိုက်ပျိုးရေးပွဲတော်သို့ တက်ရောက်လာကြသည့် ဗန်းမော်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဗန်းမော်ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျွန်း ၆၀၀ ပင်၊ ပျဉ်းကတိုး ၂၀၀ ပင်၊ ခရေ ၁၃၀ ပင်၊ မဟော်ဂနီ ၃၅ ပင်၊ ပိတောက် ၃၅ ပင်၊ တမလန်း ၂၅၀ ပင်နှင့် ကညင် ၂၅၀ ပင် စသည့် စုစုပေါင်းပျိုးပင် ၁၅၀၀ ပင်တို့ကို သတ်မှတ်နေရာအသီးသီး၌ တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀



# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေး၊ ဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက မြရည်နန္ဒာရပ်ကွက်မွှေရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းက သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာအကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာများအား တစ်နိုင်ငံလုံး (သို့မဟုတ်) သတ်မှတ်နယ်မြေဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း တစ်ပြိုင်တည်း ကောက်ယူသောလုပ်ငန်းဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရခြင်းမှာ မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာစာရင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ရရှိရန်နှင့် လိုအပ်သော မူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်နိုင်ရန် ရည်ရွယ်ပါကြောင်း ဟောပြောပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် သန်းခေါင်စာရင်းကော်မတီဝင်များက တက်ရောက်လာကြသည့် ပြည်သူများအား ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေး ပိုစတာနှင့် လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ချမ်းမြေ့**



# ကောက်စိုက်စက်ဖြင့် စပါးကွင်းသရုပ်ပြစိုက်ပျိုး

**နမ့်စန် ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာအုပ်စုရှိ တောင်သူလုံးဆိုက်၏ လယ်မြေနေရာ၌ (၆) တန်းသွား ကူဘိုတာကောက်စိုက်စက်ဖြင့် စပါးကွင်းသရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့ နံနက် ၈ နာရီက အဆိုပါတောင်သူလယ်မြေနေရာ၌ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မော်ဦးက ကူဘိုတာ(၆)တန်းသွား ကောက်စိုက်စက်ဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး စပါးကွင်းသရုပ်ပြစိုက်ပျိုးခဲ့သည်။ **(အောက်ပုံ)**

ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသည် လယ်တစ်ဧကအတွက် မျိုးစပါးတစ်တင်းခန့်သာ ကုန်ကျ၍ ကုန်ကျမှုသက်သာခြင်း၊ တစ်ဧကလျှင် နာရီဝက်ခန့်သာ စိုက်ပျိုးချိန်ကြာခြင်း၊ ပေါင်းမြက်ရှင်းလင်းရန်လွယ်ကူခြင်း၊ လေဝင်လေထွက်ကောင်းမွန်၍ ပင်ပွားနှုန်းကောင်းပြီး စပါးထွက်နှုန်းပိုများခြင်း၊ လုပ်သားအင်အားလျှော့ချနိုင်ခြင်း စသောအကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





# ရတနာပုံတက္ကသိုလ်၌ စုပေါင်း အမှိုက်ကောက်သန့်ရှင်းရေး ပြုလုပ်

**မန္တလေး ဇူလိုင် ၁၉**

ရတနာပုံတက္ကသိုလ် သန့်ရှင်းသာယာလှပရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးနှင့် ကျောင်းနေပျော်သည့် ပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါ တက္ကသိုလ်ပရိဝုဏ်အတွင်းရှိ စာသင်ဆောင်များ၊ စာသင်ခန်းများ၊ ဌာနတွင်းနှင့် ဌာနဝန်းကျင်များ၊ လမ်းမများ၊ ရေကန်များ၊ မြေယာရှုခင်းများ၊ အားကစားကွင်းများနှင့် ယာဉ်ရပ်နားကွင်းများရှိ စွန့်ပစ်အမှိုက်များကို ဒုတိယပါမောက္ခချုပ်များ၏ ဦးဆောင်မှုဖြင့် ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီမံရေးရာဌာနများမှ စီမံဝန်ထမ်းများက တက်ကြွပျော်ရွှင်စွာ အမှိုက်ကောက်သန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၀၈၂)

၀-၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနတွင် အမှတ်စဉ် (၃၀) လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်း ဖွင့်လှစ်ပို့ချ

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်း ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ အမှတ်စဉ် ၃၀ လက်မှတ်ရပိုးသတ်ဆေး သုံးစွဲသူများသင်တန်းကို ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးဝင်းထိန်က သင်တန်းအဖွင့်အမှာစကားနှင့် တိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သင်းသင်းထက်ကဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

"ပိုးသတ်ဆေးဥပဒေနဲ့ ပတ်သက်ပြီး သိရှိလိုက်နာကျင့်သုံးလာစေဖို့၊ ပိုးသတ်ဆေးကိုအမြဲထိတွေ့ကိုင်တွယ်နေရတဲ့ တောင်သူတွေ၊ ပိုးသတ်ဆေးရောင်းချသူတွေ၊ ပိုးသတ်ဆေးကုမ္ပဏီတွေကဝန်ထမ်းတွေအနေနဲ့ ပိုးသတ်ဆေးတွေကို အန္တရာယ်ကင်းရှင်းစွာ အသုံးချနိုင်ရေးနဲ့ ပိုးသတ်ဆေးဥပဒေနဲ့အညီ ရောင်းချနိုင်စေရေး ရည်ရွယ်ပြီး ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပါတယ်၊ သင်တန်းသားတွေအနေနဲ့ ပိုးသတ်ဆေးသုံးစွဲသူတွေကို ထပ်ဆင့်မျှဝေပေးသွားခြင်းဖြင့် လူသားတွေအတွက် အစားအစာဘေးကင်းလုံခြုံမှု၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ များစွာ အထောက်အကူပြုမှာပါ"ဟု တိုင်းဒေသကြီးသီးနှံ ကာကွယ်ရေးတာဝန်ခံက ပြောသည်။



သင်တန်းတွင် သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ သင်တန်းမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဒေါ်ဆိုင်းရော်နှင့် သင်တန်းနည်းပြပညာရှင်များက ပိုးသတ်ဆေးဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပိုးသတ်ဆေးသုံးစွဲသူများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ပိုးသတ်ဆေးဓာတ်ကြွင်းပြဿနာများနှင့်အညွှန်းစာများအကြောင်း၊ သီးနှံပင်ရောဂါများ ကာကွယ်နှိမ်နင်းနည်းနှင့် ရောဂါသတ်ဆေးအစွမ်းများ၊ ပေါင်းအမျိုးအစားခွဲခြားခြင်းနှင့် ပေါင်းသတ်ဆေးများ အန္တရာယ်ကင်းစွာသုံးစွဲနည်း၊ ကြွက်အမျိုးမျိုး ကာကွယ်နှိမ်နင်းခြင်း၊ သို့လျှောင်သီးနှံဖျက်ပိုးနှင့်အဆိပ်ငွေ့မှိုင်းတိုက်ခြင်းပညာရပ်၊ အပင်ပိုးမွှားထိန်းချုပ်ခြင်းနည်းပညာ၊ ဖျက်ပိုးအမျိုးအစားခွဲခြားနှင့် ကာကွယ်နှိမ်နင်းနည်း၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကို ပို့ချခဲ့ပြီး ပိုးသတ်ဆေးကုမ္ပဏီ၊ ခြင်ဆေးခွေလုပ်ငန်းကုမ္ပဏီ၊ အဆိပ်ငွေ့မှိုင်းတိုက်လုပ်ငန်းများနှင့်ပိုးသတ်ဆေးအရောင်းဆိုင်များ စသည်တို့မှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးထွက်ကုန်(Export)လုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီများမှ သို့လျှောင်ရုံကိုဒေါင်မှူးများ၊ သီးခြားစိတ်ဝင်စားသူများ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၁၁၇ ဦး တက်ရောက်ခဲ့ကာ သင်တန်းသားများအား အရည်အချင်းစစ် စာမေးပွဲစစ်ဆေး၍ ဆုရရှိသူများကိုလည်း ဆုများ ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်က ဓာတုပစ္စည်းများ စနစ်တကျကိုင်တွယ်သုံးစွဲနိုင်ရေး၊ အရည်အသွေးပြည့်ဝသည့် ပစ္စည်းများကို တောင်သူများ မှန်ကန်စွာသုံးစွဲနိုင်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူပြုစေသည့် ပိုးသတ်ဆေးဥပဒေ၊ မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဥပဒေများနှင့်အညီ လိုက်နာမှု ရှိ၊ မရှိ ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ် ၄)

၀-၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ

စုံလင်

မန္တလေး

## ရှိုးသား၍ ကြိုးစားပါ

* ရတနာမျိုးဆက်သစ်တို့

တိုးတက်ရစ်ဖို့ မှာတမ်းခြွေ

လောကဓံ အခက်အခဲ

တွေ့ကြုံမြဲလေ ။

* စာရိတ္တ ဖြောင့်မှန်စွာ

ကျင့်ကြံကာ နေထိုင်ပေး

အဖိုးတန်လူသားဖြစ်ဖို့

ထုဆစ်စို့လေး ။

* ဖွဲ့လုံ့လစိုက်ထုလေ

ဝီရိယတွေ ရှိစေသား

လောကကို အမြဲလှဖို့

တွေးဆစို့လား ။

* အနာဂတ် လှဖို့ရည်

ယုံကြည်ရာ ဘဝလမ်း

သတ္တိပြောင် ရဲစွမ်းအားဖြင့်

ကြိုးစားလျှောက်လှမ်း ။ ။

မောင်မောင်လင်းထွန်း(နှမ်းတော်ရှေ့)



## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**လယ်ဝေး ဇူလိုင် ၁၉**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ကွမ်းခြံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။

ရွေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က စေ့စပ်ညှိနှိုင်းရေးမှူး (Moderator) အဖြစ် ဆောင်ရွက်ပြီးGrade-9 မှ မဖူးပြည့်ပြည့်မောင် လူငယ်နှင့်ယဉ်ကျေးမှု၊ Grade-9 မှ မောင်မျိုးမြတ်သူက လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ Grade-10 မှ မစိုးရတနာသွယ်က လူငယ်နှင့်စာဖတ်ခြင်း၊ Grade-11 မှ မောင်ထွန်းကျော်ကျော်က လူငယ်နှင့်ရည်မှန်းချက် စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက သိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး နံရံကပ်စာစောင်ပြပွဲအား ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။(အပေါ်ဖဲပုံ)

မြို့နယ်(ပြန်/ဆက်)




## ဝါသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေး တောင်သူပညာပေးကွင်းသရုပ်ပြပွဲ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်မြို့နယ်များတွင် စိုက်ပျိုးထားသော ဝါသီးနှံစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် ဝါသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ ကျင်းပခဲ့ရာ ကျောက်ဆည်ခရိုင်နှင့် ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်မြို့နယ် ခြံစိုက်ကွင်းများမှ ဌာနဆိုင်ရာဝန်ထမ်း ၆၅ ဦးနှင့် တောင်သူ ၆၆ဦး တက်ရောက်လေ့လာခဲ့သည်။

သရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က ပန်းတိုင်အထွက်နှုန်း ဝါတစ်ဧက ပိဿာ ၇၀၀ ရရှိရန် မျိုးကောင်း မျိုးသန့်ရွေးချယ် စိုက်ပျိုးသွားရေး ဝါသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်)မှ ဒေသနှင့်ကိုက်ညီသည့် ဝါမျိုးများကို အပြည့်အဝ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ရေထိန်းအားကောင်းမွန်စေရန် ဓါတ်မြေဩဇာနှင့်သဘာဝမြေဩဇာ ပေါင်းစပ်သုံးစွဲသွားရန်နှင့် ဝါမစိုက်မီ ပိုက်ဆံလျှော်ကဲ့သို့ သစ်စိမ်းမြေဩဇာကို စိုက်ပျိုး၍ သဘာဝမြေဩဇာရရှိရေး ဆောင်ရွက်သွားရန်နှင့် ရေလိုအပ်ချိန်၌ ရေပေးသွင်းပေးရန် လိုအပ်ကြောင်း အမှာစကားပြောကြားခဲ့ပြီး လွန်ကျော်ခြံတာဝန်ခံ ဒေါက်တာအေးအေးမြတ်မှ ဝါသီးနှံပန်းတိုင် အထွက်နှုန်း ဝါတစ်ဧက ပိဿာ ၇၀၀ ရရှိရေးအတွက် တစ်ဧကတွင် ရှိသင့်သည့် အပင်ဦးရေနှင့် ပင်ကြား၊ တန်းကြားအကွာအဝေး၊ သုံးစွဲရမည့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာနှုန်းထားများ၊ ဝါဂွမ်းအရည်အသွေး ကောင်းမွန်စေရန် ရွက်ဖျန်းမြေဩဇာများ သုံးစွဲသင့်သည့်အချိန်၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းမှုနှင့်ဝါကောက်သိမ်းရာ၌ လိုက်နာရမည့်အကြောင်းများကို ရှင်းလင်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တောင်သူများသည် ဝါပိဿာ ၇၀၀ ပန်းတိုင် အထွက်နှုန်းရရှိရေး တန်းကြား၊ ပင်ကြား (၂ ဒသမ ၅ ပေ× ၁ ပေ)ဖြင့် တစ်ဧက အပင်ဦးရေ ၃၄၈၃၈ ဝင်ဆန့်အောင် စိုက်ပျိုးထားသည့် စံပြစိုက်ခင်းသို့ ကွင်းဆင်းလေ့လာခဲ့ရာ ကွင်းတာဝန်ခံက မြေခံမြေဩဇာသုံးစွဲထားမှု၊ ပေါင်းမြက်နှင့် ပိုးမွှားနှိမ်နင်းမှုတို့အား ရှင်းလင်းပြောကြားခြင်းနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးကြိုဝါမျိုးစေ့ထုတ် စိုက်ခင်းများ၊ စိုက်နည်းစနစ်နှင့် အိန္ဒိယဝါမျိုးသစ်များ၊ မျိုးယှဉ်သုတေသနစမ်းသပ်ကွက်များ၊ ဒေသဝါမျိုးနှင့် ဥဇဘက်ကစ္စတန်ဝါမျိုးသစ်များအား မျိုးကူးစပ်ထားရှိမှုများကို ကွင်းဆင်းလေ့လာခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးဦးစီးမှူးနှင့် သက်ဆိုင်ရာတာဝန်ခံများမှ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀-၀

## သတင်းပဒေသာ

### ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီခွဲက ကလေးမြို့နယ်လုံးဆိုင်ရာ ရွှေဘုံသာစေတီတော်မြတ်ကြီးမွေ့ရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စားအုန်းဆီကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာ ရောင်းချပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ကြီးကြပ်မှုဖြင့် ကသာမြို့တွင် ဌာနဆိုင်ရာဝန်ထမ်းများအား စားအုန်းဆီကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ယမန်နေ့ နံနက် ၉ နာရီက တက်နိုင်ထွန်းဆီစက်၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အာဇာနည်နေ့အထိမ်းအမှတ် နယ်လှည့်ဟောပြောပွဲ ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် ဆိုင်းဖယ်ရွာသစ် နမ့်စလိုင် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)ကွင်းပြင်နေရာ၌ ယမန်နေ့ နံနက် ၈ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် နယ်လှည့်၊ နံရံကပ်၊ ဟောပြောပွဲ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### နယ်လှည့်စာကြည့်တိုက်နှင့် အသိပညာပေး ဟောပြော

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ယမန်နေ့ နံနက် ၈ နာရီခွဲက အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်နှင့် အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ စစ်ဆေးပေးခြင်း၊ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခမဲ့ စစ်ဆေးကုသပေးခြင်းတို့ကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက မင်းလှမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာစီစကားပြေ၊ ကဗျာရွတ်၊ စာဖတ်စွမ်းရည်ပြိုင်ပွဲဆု ချီးမြှင့်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် အလယ်တန်းနှင့် မူလတန်းအဆင့် (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစကားပြေ၊ ကဗျာရွတ်၊ စာဖတ်စွမ်းရည်ပြိုင်ပွဲဆုချီးမြှင့်ခြင်းနှင့် ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မူလတန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ကလေးစာဖတ်ခန်းတွင် မူလတန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အောင်တော်မူမြတ်စွာဘုရားသို့ အလှူရှင်များက လှူဒါန်း

**မန္တလေး ဇူလိုင် ၁၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၃ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြားတွင် တည်ရှိသော မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရားသို့ အလှူရှင်များက လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့၊ အမှတ်၅/၁၉၊ သီရိဂုဏ်ရာ အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးစိုးသိန်း+ဒေါ်ခင်လင်းသူ(သားကြီး)မောင်ဝင်းသစ်ထွန်း+ Dr. ငြိမ်းနန္ဒာအောင်၊ (သားငယ်) မောင်ဟိန်းသန့်(သမီး)မောင်သန်းထိုက်ဖြိုး+မသဉ္ဇာစိုး(မြေး)မောင်ဘုန်းမင်းခန့်၊ မောင်ထူးခန့်လွင် မိသားစုမှ မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား သာသနာ့ဗိမာန်အတွင်း ဖယောင်းကော်ဇောများခင်းရန်အတွက် အလှူငွေကျပ် ၁၁၅၆၈၃၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ကြည်၊ ဒုဥက္ကဋ္ဌ ဦးကိုလေး၊ ဒုဥက္ကဋ္ဌ ဦးကျော်ဌေး၊ အတွင်းရေးမှူး ဦးကျော်မင်း၊ တွဲဖက်အတွင်းရေးမှူး ဦးညွန့်မောင်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးဝင်းရွှေ၊ စာရင်းစစ် ဦးတင်အောင်၊ အဖွဲ့ဝင် ဦးစိုးလွင်နှင့် အဖွဲ့ဝင်ဦးမျိုးဝင်းနိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။ အလှူငွေများအား လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်းနံပါတ် ၀၂-၄၀၃၆၁၀၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ) (ကဆ)**

## အမှတ်(၁၀)အ-ထ-က (ဒိုင်အိုစီဇင်သံတဲကျောင်း) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးအောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း(ဒိုင်အိုစီဇင်သံတဲအထက်တန်းကျောင်း)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ် ၂၂ လမ်းနှင့် ၈၆လမ်းထောင့်ရှိ အမှတ်(၁၀)အ·ထ·က မြနန္ဒာခန်းမတွင်ကျင်းပရာ တိုက်တော်ကျောင်းတိုက်၊ ရတနာပုံကျောင်း၊ ပဓာနနာယကဆရာတော်ဘဒ္ဒန္တအာစရဉာဏသီရိပဝရဓမ္မာစရိယ အမှူးပြုသော သံဃာတော်ငါးပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန္ဒာဝင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌဦးဌေးကြွယ်နှင့်ဆရာ၊ ဆရာမများက ဆက်ကပ်လှူဒါန်းသည်။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်၊အတွင်းရေးမှူး ဦးကျော်နိုင်မင်း၊ အဖွဲ့ဝင်များ၊ မိဘဆရာအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည်ညိုကြကြောင်းသိရသည်။

**(အောက်ပုံ) (၀၄၅)**



## မြင့်မြတ်သူစေတနာသွေးလှူအသင်းက နာမကျန်းလူနာများအတွက် ဇီဝိတဒါန သွေးလှူဒါန်း

**ညောင်ဦး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ဆေးဝါးကုသမှုခံယူကြသည့် နာမကျန်းလူနာများအတွက် အရေးပေါ်သွေးလိုအပ်လာပါက အဆင်ပြေစွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဇူလိုင် ၁၈ ရက်က ပရဟိတသွေးလှူရှင်အသင်းဝင်များ စုပေါင်းပြီး ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ ဇီဝိတဒါနသွေးလှူဒါန်းပေးခဲ့သည်။

ထိုသို့ နာမကျန်းလူနာများအတွက် ဇီဝိတဒါနအဖြစ် သွေးလှူဒါန်းပေးရာတွင် ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာ သွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးရဲမြင့်အောင် ဦးဆောင်၍ ကြီးကြပ်မှုဖြင့် ပရဟိတသွေးလှူရှင်အသင်းသားများက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး အရေးပေါ် သွေးလိုအပ်လာသော လူနာများအတွက် ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးနိုင်ရန် အေသွေးငါးလုံး၊ ဘီသွေးခုနစ်လုံး၊ အိုသွေးသုံးလုံး၊ အေဘီသွေးတစ်လုံး၊ စုစုပေါင်း သွေးပုလင်း ၁၆ လုံး ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ဆေးဝါး ကုသမှုခံယူကြသည့် နာမကျန်းလူနာများ အတွက် အရေးပေါ်သွေးလိုအပ်လာပါက အချိန်နဲ့ တစ်ပြေးညီ ဆေးဝါးကုသပေးနိုင်ရန် ဇီဝိတဒါနအဖြစ် သွေးလှူရှင်အသင်းဝင်များ စုပေါင်း၍ စဉ်ဆက်မပြတ် လှူဒါန်းပေးလျက်ရှိကြောင်း ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်း ဥက္ကဋ္ဌဦးရဲမြင့်အောင်ထံမှ သိရသည်။

**(၄၄၅)**



## ရေဘေးရှောင်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရန် စားသောက်ဖွယ်ရာများ ထောက်ပံ့

**ညောင်ဦး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ယာယီရေဘေးရှောင်နေရသည့် အုတ်ကျောင်းကျေးရွာမှ ဒေသခံပြည်သူများအတွက် စားသောက်ရေးအဆင်ပြေစေရန် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော်ဘဒ္ဒန္တသာဂရ ဦးဆောင်သော ပရဟိတအဖွဲ့ဝင်များက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ရေဘေးရှောင်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးရာတွင် ပုဂံမြို့၊ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော်ဘဒ္ဒန္တသာဂရဦးဆောင်သော သစ္စာဓမ္မပရဟိတ လူငယ်များအဖွဲ့၊ သီရိပစ္စယာ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များက စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ညောင်ဦးမြို့နယ် အုတ်ကျောင်းကျေးရွာမှ ယာယီရေဘေးရှောင်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရန် တစ်ဦးလျှင် ဆီ ၂၅ ကျပ်သား၊ ကြက်ဥ နှစ်လုံးနှင့် ခေါက်ဆွဲခြောက်တစ်ထုပ်စီတို့ကို စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (ကဆ)**

မျက်စိလှူကြ မျက်ကြည်ရ မြတ်သည့်လှူဒါန်း။

## ကျောင်းကျန်းမာရေးလှုပ်ရှားမှုများ ကွင်းဆင်းဆောင်ရွက်



**မောက်မယ် ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊မောက်မယ်မြို့နယ်၌ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းရှိ အသက်ငါးနှစ်အထက် ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်၍ ယခုမိုးဦးကာလတွင် ငှက်ဖျားရောဂါ၊သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းကိုက်ဝမ်းလျှောရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ပိုးလောက်လမ်းမှအစ ခြင်ပေါက်ဖွားမှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများတို့က ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲမှစ၍ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဈေးတန်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဈေးတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ပေါင်ချိန်ပေးခြင်း၊တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးပေးခြင်း၊ မျက်စိ၊ နား၊ နှာခေါင်း၊လည်ချောင်းနှင့်ဝမ်းဗိုက်ကျန်းမာရေးများ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကလေးသူငယ်များ၏ မိဘများအား ယခုမိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ရမည့် လုပ်ငန်းများမှာကြားခြင်း၊ ခြင်အန္တရာယ်ကင်းဝေးစေရေးနှင့် ခြင်များမပေါက်ဖွားစေရန်အတွက် နေအိမ်နှင့်ပတ်ဝန်းကျင်အတွင်း ပြုလုပ်ရမည့် နည်းလမ်းများ၊ မိုးရာသီတွင် အဖြစ်များသော ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန် စားသောက်နေထိုင်ရမည့် နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးနှင့် စားသောက်ဖွယ်ရာများထောက်ပံ့

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် သာယာမိုးရပ်ကွက်ရှိရေဘေးသင့် ပြည်သူများအား ဆန်ရိက္ခာဖိုးနှင့် စားသောက်ဖွယ်ရာများကို ယမန်နေ့မွန်းလွဲ ၂ နာရီက ဆင်ပေါင်ဝဲမြို့ရှိ ရေဘေးရှောင်စခန်းအသီးသီး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ဆင်ပေါင်ဝဲမြို့ အမှတ်(၁)ရပ်ကွက်မှ ရေဘေးသင့်အိမ်ထောင်စု ၁၁စု၊ လူဦးရေ ၁၁ ဦး၊အမှတ်(၂)ရပ်ကွက်မှ ရေဘေးသင့်အိမ်ထောင်စု ၁၅ စု၊လူဦးရေ ၄၂ဦး၊ သာယာမိုးရပ်ကွက်မှ ရေဘေးသင့်အိမ်ထောင်စု ၁၁စု၊ လူဦးရေ ၄၀ ဦးအား ဆန်ရိက္ခာဖိုး ၇ရက်စာနှင့် စားသောက်ဖွယ်ရာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ အမျိုးသမီးရေးရာ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်များ ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## အသက် ၁၈ နှစ်နှင့်အထက် စာရင်းများရေးသွင်းတိုက်ဆိုင်စစ်ဆေး ဆောင်ရွက်လျက်ရှိ



**မန္တလေး ဇူလိုင် ၁၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်အတွင်း နေထိုင်သူများ အတည်ပြုလူဦးရေ စာရင်းမှန်ကန်စေရေး အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းများရေးသွင်းခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ဇူလိုင် ၁၆ရက် နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စာရင်းများရေးသွင်းခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးရဲမင်းလွင်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ စာရင်းများမှားယွင်းမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးရာသို့ မြို့နယ်အထွေထွေအုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ် လက်ထောက် မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်တို့က ကြည့်ရှုအားပေးပြီး အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းများရေးသွင်းခြင်း မှားယွင်းမှုများမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၅၆)



## ဆန်စက်နှင့် ဆန်လုပ်ငန်းရှင်များအသင်းမှ စားသုံးသူပြည်သူများအား ဆန်တစ်ပြည် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**သရက် ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ဆန်စက်နှင့် ဆန်လုပ်ငန်းရှင်များအသင်းမှ စားသုံးသူပြည်သူများအား အရည်အသွေးကောင်းမွန်သော ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ရောင်းချပေးခြင်းကို ယနေ့ နံနက် ၈ နာရီက တောင်မင်းတည်းရပ်ကွက် သိမ်ကြီးမွှေရုံတွင် ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ဆန်ရောင်းချပေးရာတွင် အများပြည်သူများ ဈေးနှုန်းသက်သာစွာနှင့် စားသုံးနိုင်ရေးအတွက် တစ်အိမ်ထောင် တစ်ပြည်နှုန်းဖြင့် ဆန်အိတ် ၁၅ အိတ်ရောင်းချပေးနေမှုကို စားသုံးသူရေးရာဦးစီးဌာနတို့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ဇော်ထက်(သရက်)

## ဟုမ္မလင်းမြို့ အိမ်သုံးရေကန်များတွင် ကလိုရင်းခတ်

**ဟုမ္မလင်း ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ နောင်ပကျစ်တောင်ပေါ်ရပ်ကွက်၊ ခိုပဲဝရပ်ကွက်၊ ဟုမ္မလင်းရပ်ကွက်တို့တွင် ဇူလိုင် ၁၈ ရက် ကျန်းမာရေးဝန်ထမ်းများက အိမ်သုံးရေကန်များတွင် ကလိုရင်းခတ်ဆောင်ရွက်ခဲ့သည်။

ဟုမ္မလင်းမြို့တွင် ချင်းတွင်းမြစ် ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် ပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပေါ်စေရန်အတွက် ကျန်းမာရေးဝန်ထမ်းများက အိမ်သုံးရေကန်များတွင် ကလိုရင်းခတ်ဆောင်ရွက်ခဲ့သည်။

ဟုမ္မလင်းမြို့နယ် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရန် တစ်အိမ်တက်ဆင်း၍ အိမ်သုံးရေကန်များ ရေတွင်းများတို့တွင် ရေများသန့်စင်အောင် ကလိုရင်းဆေးခတ်ခြင်း၊ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



(ယာပုံ) (၃၉၄)

## ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုးညှင်း ဇူလိုင် ၁၉**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု သာယာကုန်းခေတ်မီစံပြကျေးရွာ (Smart Village)ထူထောင်ရေးစီမံကိန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးမြတ်ခိုင်ကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံကိန်းအတွင်းရေးမှူး ဦးဌေးမြင့်က သာယာကုန်းကျေးရွာတွင် ဘဏ္ဍာရေးနှစ်အလိုက် ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးစီမံကိန်းလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းကော်မတီအဖွဲ့ဝင်များက ၄င်းကျေးရွာမှ တင်ပြချက်များအပေါ် ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍာများအလိုက် အသီးသီး ဆွေးနွေးတင်ပြကြရာ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကော်မတီဥက္ကဋ္ဌက လုပ်ငန်းအလျင်အမြန် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ရွှေမိုးညှင်း

# ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

(၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ ကျင်းပသည်။



ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား ကျင်းပစဉ်။

**တက်ရောက်**

အခမ်းအနားသို့(၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဂုဏ်ပြု တပ်ဖွဲ့တို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ နှစ်မိနစ်ငြိမ်သက်စွာ ဂါရဝပြုကြသည်။



**ကြည့်ရှုလေ့လာ**

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားမှုအား ကြည့်ရှုလေ့လာခဲ့ကြစဉ်။

**ကြည့်ရှုလေ့လာ**

ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)ရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံတို့ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူလာရောက်လေ့လာနိုင်ရန် ယနေ့တွင် တစ်ရက်တာ အခမဲ့ အထူးဖွင့်လှစ်ပြသခဲ့ပြီး အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်အစည်းအဝေးခန်းမ အတွင်း အာဇာနည်ခေါင်းဆောင်များ ကျန်ရှိခဲ့သည့် ပစ္စည်း ၂၈ မျိုး၊ အဆောက်အအုံ သမိုင်းကြောင်း၊ သက်တမ်း ရာကျော်ရှိသည့် ပါလီမန် အဆောက်အအုံနှင့် အဆောက်အအုံအတွင်း သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုအား အများပြည်သူနှင့် ကျောင်းသား ကျောင်းသူများ အထူးစည်ကားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

သတင်းစဉ်

# မြန်မာလက်ဝှေ့သမားများ ပြည်ပတွင် ဆုကြေးစားလက်ဝှေ့ပွဲများ ထိုးသတ်ရန် စီစဉ်

**ရန်ကုန် ဇူလိုင် ၁၉**

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ဂျပန်လက်ဝှေ့ကော်မရှင်နှင့် MBC ကုမ္ပဏီတို့ ပူးပေါင်းပြီး မြန်မာလက်ဝှေ့သမားများကို WBC နှင့် WBO ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လက်ရည်စစ်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။



ပြည်တွင်းပြိုင်ပွဲတစ်ခု၌ မြန်မာလက်ဝှေ့သမားများ ယှဉ်ပြိုင်နေကြစဉ်။

အဆိုပါ လက်ရည်စစ်ပွဲကို ဩဂုတ် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဇူလိုင် ၂၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အဆိုပါ လက်ရည်စစ်ပွဲကို မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ဂျပန်လက်ဝှေ့ကော်မရှင်တို့က ကြီးကြပ်မည်ဖြစ်ပြီး အမျိုးသားများ သုံးမိနစ်လေးချီနှင့် အမျိုးသမီးများ နှစ်မိနစ်လေးချီယှဉ်ပြိုင်ရမည်ဖြစ်သည်။ လက်ရည်စစ်ပွဲ အောင်မြင်သူများကို စခန်းသွင်းလေ့ကျင့်ပေးပြီး ဂျပန်နိုင်ငံရှိ ပြိုင်ပွဲများသို့ စေလွှတ်မည်ဖြစ်ကြောင်း၊ ဆုကြေးစား(ပရော်ဖက်ရှင်နယ်)လက်ဝှေ့သမားများသည် ပြိုင်ပွဲအနိုင်ရရှိမှုအပေါ် မူတည်၍ ထိုးသတ်ကြေးရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုထက်**



# ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

Myanmar National League 2024-2025 အမှတ်ပေး ဘောလုံးပြိုင်ပွဲ (Week-3)ပွဲစဉ် တစ်ပွဲအဖြစ် ဇူလိုင် ၂၀ ရက်၊ ညနေ ၃ နာရီ မိနစ် ၃၀ YUSC ကွင်းတွင် ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားကြမည်ဖြစ်သည်။

ရတနာပုံအသင်းသည် နှစ်ပွဲကစားပြီးချိန်တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေရမှတ် လေးမှတ်ရရှိထားပြီး သစ္စာအားမာန်အသင်းသည် နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ထားပြီး အမှတ်မရရှိသေးပေ။ ပြီးခဲ့သည့် MNL League Cup ပြိုင်ပွဲတွင် ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်းတို့နှစ်ကြိမ် တွေ့ဆုံထားဖူးပြီး ပထမအကျော့တွင် ရတနာပုံအသင်းက အနိုင်ရထားကာ ဒုတိယအကျော့တွင် သစ္စာအားမာန်အသင်းက ပြန်လည်အနိုင်ရထားသည်။

ယင်းပွဲစဉ်ကို Free To Air Channel တစ်ခုဖြစ်သည့် Readers Channel နှင့် Pyone Play Sports You Tube Channel တို့မှ တိုက်ရိုက်ပြသပေးမည်ဖြစ်သည်။

**(NGB)**

0-0-0-0-0